# ကရင်အသံလွှင့်

လူ့အခွင့်အရေး
တိုင်းရင်းသားအခွင့်အရေး
ဒီမိုကရေစီရေး

KAREN NEWSLETTER ဩဂုတ်လ ၂၀၁၀ ခုနှစ် Volume(14) Issue(8) , 2010

(၆၁)နှစ်ကျော်ကြာ
ကရင်တော်လှန်ရေးဟာ
ကျဉ်းမြောင်းတဲ့ မျိုးချစ်စိတ်ဓာတ်ကို
အခြေခံတာ မဟုတ်ဘူး ...
စာမျက်နှာ (၄)

မြိုင်ကြီးဂူဆရာတော်မွေးနေ့ကို
ဆရာတော်ရဲ့ ကျောင်းခွဲ
၁၂ကျောင်းက သံဃာ ၁၉ပါးနဲ့
ထိုင်းသံဃာ ၉ပါးလည်း
ကြွရောက်လာတယ်လေ ...
စာမျက်နှာ (၅)

မိမိထက် အသက် ၇၀ငယ်သော
ခင်ပွန်းကို ထိန်းသိမ်းထားရန်
လျှို့ဝှက်ဆန်းကြယ်
အနှိပ်ပညာသုံးသည့်
အဖွားအို ...
စာမျက်နှာ (၁၀)

# ဒီကေဘီအေတပ်ဖွဲ့ နယ်ခြားစောင့်တပ် အသွင်ပြောင်းပြီ

**ဩဂုတ်လ ၁၉ရက်။ (ကေအိုင်စီ)**

တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော်(ဒီကေဘီအေ)တပ်ဖွဲ့ဝင်တချို့သည် နယ်ခြားစောင့်တပ် တပ်ဖွင့်ပွဲ စစ်ရေးပြ အခမ်းအနားတစ်ခုကို ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ မြိုင်ကြီးဂူဒေသတွင် ယမန်နေ့က ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါတပ်ဖွင့်ပွဲအခမ်းအနားတွင် စစ်အစိုးရဘက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ဇော်မင်းနှင့် တွဲဖက်စစ်ရေးချုပ်ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းစိုး၊ ငွေစာရင်းရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်လှိုင်မြင့်နှင့် တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ၜင်းအပြင် ဒီကေဘီအေ ဥက္ကဋ္ဌ စောသာထူးကျော်၊ ဒုဥက္ကဋ္ဌ ဗိုလ်ချုပ်ကျော်သန်း၊ ဗိုလ်ချုပ်ထွန်းလှိုင်နှင့် တပ်မှူးများနှင့်တပ်သားများ အခမ်းအနားသို့ တက်ရောက်ကာ အခမ်းအနားတွင် တပ်မတော်သားတစ်ဦးအဖြစ် သစ္စာအခံဌာန် ရွတ်ဆိုခဲ့ကြပြီး ဒုဗိုလ်ချုပ်ကြီး ရဲမြင့်မှလွှ၍ ကျန်တပ်ဖက်ဆိုင်ရာ အရာရှိများက နယ်ခြားစောင့်တပ်အရာရှိများအား တပ်မတော်၏ ရာထူးအဆင့်တံဆိပ်ကို တပ်ဆင်ပေးကြသည်။

ထိုအခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ဗိုလ်ချုပ်မောင်မောင်အုန်းနှင့်ဒီကေဘီအေ ဒုဥက္ကဋ္ဌ ဦးကျော်သန်းတို့က အခမ်းအနား မိန့်ခွန်းပြောကြားခဲ့ကြသည်။

ဦးကျော်သန်းက "ဒီကေဘီအေသည် ၁၉၄၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ရက်နေ့တွင် ပြည်သူ့ရင်ပြင်ကို ခိုလှုံလာကြသူများဖြစ်ကြပြီး ၁၉၈၈မှ ၁၉၉၀ခုနှစ်အတွင်း ငြိမ်းချမ်းရေးအဖွဲ့ကြီး ၁၇ဖွဲ့နှင့် အဖွဲ့ငယ်များ စွာတို့မှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်များနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိကြောင်း၊ နယ်ခြားစောင့်တပ် အသွင်ကူးပြောင်းသွားမည့် ဒီကေဘီအေတပ်ဖွဲ့များသည် တပ်မတော်နှင့် လက်တွဲပြီး နယ်ခြားဒေသများ အပြည့်အဝ လုံခြုံမှုရှိအောင် သစ္စာရှိရှိ၊ တာဝန်သိသိ ထမ်းဆောင်သွားကြမည်''ဟု အခမ်းအနားတွင် ပြောဆိုသွားသည်။

ထို့နောက် နအဖ အာဏာပိုင်များမှ နယ်ခြားစောင့်တပ်ဖြစ်လာသည့် ဒီကေဘီအေတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ကြေးငွေများ ပေးအပ်ပြီး တချိန်တည်းတွင် အသက်အရွယ်ကြီးရင့်သည့် ဒီကေဘီအေ တပ်ဗိုလ်တပ်မှူးများနှင့် မသန်မစွမ်းသူများကို ထောက်ပံ့ကြေး ပေးအပ်သည့် အခမ်းအနား ဆက်လက်ကျင်းပခဲ့သည်။

ဒီကေဘီအေ တပ်ဖွဲ့များသည် အဆိုပါတပ်ဖွင့်ပွဲအတွက် ဒေသခံလူထုများကို ကရင်ဝတ်စုံဝတ်ကာ လုပ်အားပေးသွားရန် ခေါ်ဆောင်ခဲ့သည့်အတွက် တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ရွာသူတစ်ဦးက ယခုလို ပြောသည်။ "ကျမတို့ ရွာသားတွေ တရွာကို အယောက် ၂၀စီ လုပ်အားပေးသွားရမယ်။ ကရင်အက်ီကြီတွေ ဝတ်သွားရမယ်ဆိုပြီး ဒီကေဘီအေက လာခေါ်တော့ ရွာသားတွေလည်း မဖြစ်မနေသွားကြတာပေါ့''ဟု ဒေသခံရွာသူတစ်ဦးက ကေအိုင်စီကို ပြောပြသည်။

ယမန်နေ့က ပြုလုပ်သည့် အခမ်းအနားတွင် ဒီကေဘီအေ နာယက မြိုင်ကြီးဂူဆရာတော် ဦးသုဇန မတက်ရောက်ခဲ့သော်လည်း ဒီကေဘီအေ တပ်ဖွဲ့ဝင် ၆၀၀ခန့် တက်ရောက်ခဲ့ပြီး ဆက်လက်၍ သြဂုတ်လ ၂၀ရက်နေ့တွင် ပိုင်ကျုံမြို့နယ်တွင်လည်းကောင်း၊ လာမည့် ၂၂ရက်နေ့တွင် မြဝတီမြို့နယ်တွင်လည်းကောင်း နယ်ခြားစောင့်တပ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပသွားမည်ဟု သိရသည်။

လာမည့် အခမ်းအနားအပေါ် ဒီကေဘီအေ တပ်မဟာ(၉၉၉)၊ တပ်ရင်း(၇) တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး စောလိုက်သိန့်က "နိုင်ငံတော်က ချမှတ်ပေးတဲ့ နယ်ခြားစောင့်တပ်ကိုဖွဲ့ဖို့ ငါတို့ ဒီကေဘီအေတွေအနေနဲ့ ဖွင့်ပွဲအခမ်းအနားကို စောင့်နေကြတယ်။ အားလုံး ပြင်ဆင်ထားပြီးပြီ။ အခမ်းအနားတက်ဖို့အတွက် ကျနော်လူတွေအားလုံးတော့ တက်ဖို့မလိုဘူး။ လိုအပ်တဲ့လူပဲ ပြန်လာတယ်။ ကျနော်တို့တအားစိတ်တက်ကြွတယ်။''ဟု ပြောသည်။

နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကို ငြင်းဆန်သည့် ဒီကေဘီအေ တပ်မဟာ(၅)မှ တပ်မှူးတစ်ဦးက "ဒီကေဘီအေ တပ်ဖွဲ့ဝင်ဖြစ်ပြီးဆိုရင် ငါတို့သည် အမျိုးဘာသာသာသနာအတွက် အသက်ပေးကာကွယ်ပါ့မည်။ ငါတို့သည် အထက်အကြီးအကဲများကို သစ္စာတည်ပါ့မည်။ ငါတို့သည် ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ပါ့မည်။ ငါတို့သည် ကိုယ်ကျင့်တရားစောင့်ထိန်းပါ့မည်။ ငါတို့သည် ပြည်သူလူထုရဲ့ အသက်အိုးအိမ်ကို ကာကွယ်စောင့်ရှောက်ပါ့မည်။ ဒါတွေကို သာသနာအလံတော်အောက်မှာ သစ္စာကျိန်ဆိုခဲ့ပါတယ်။ ဘယ်သူလူမျိုးမဆို လက်နက်ကိုင်တယ်ဆိုတာ ကိုယ့်လူမျိုးကို ကာကွယ်ဖို့အတွက် လက်နက်ကိုင်ကြတာဖြစ်တယ်။ သူတို့ ဒီလိုလုပ်လိုက်တာဟာ လာမည့်ရှေ့ရေးမှာ အမျိုးသားအတွက် ဘာမှလုပ်လို့မရတော့ဘူး။ တခြားလူမျိုးတွေကြားမှာ လက်ညှိုးထောင်နိုင်ဖို့ ပေးရော။'' ဟု ဆိုသည်။

ဗိုလ်မှူးကြီး စောလားပွယ်(ဗိုလ်နှုတ်ခမ်းမွှေး) ဦးစီးသည့် ဒီကေဘီအေ တပ်မဟာ(၅) တပ်ဖွဲ့ကမူ ဒီကေဘီအေတပ်ဖွဲ့၏ မူအတိုင်းဆက်လက်ရပ်တည်သွားမည်ဟု ပြောသည်။

ဒီကေဘီအေ အသိုင်းအဝိုင်းနှင့် နီးစပ်သူတစ်ဦးက "အရင်ကကရင်လက်နက်ကိုင် ဗုဒ္ဓဘာသာအဖွဲ့အနေနဲ့ဆို ကိစ္စမရှိဘူး။ အခုဆိုနအဖ လက်အောက်လုံးလုံး ရောက်သွားတော့ စစ်တပ်ရဲ့ အမိန့်နဲ့ သေဆိုသေ၊ ရှင်ဆိုရှင်ပဲ။ သူတို့မှာ အမျိုးသားရေးဆိုတာလည်း မရှိတော့ဘူး။ ပျောက်ပြီပေါ့''ဟု ဆိုသည်။

ဒီကေဘီအေတပ်ဖွဲ့သည် ၁၉၉၄ခုနှစ်က ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ)မှ ခွဲထွက်ကာ မြိုင်ကြီးဂူဆရာတော် ဦးသုဇန၏ ဦးဆောင်မှုဖြင့် မြန်မာစစ်အစိုးရနှင့် ပူးပေါင်းသွားခဲ့ပြီး ၁၅နှစ်ကြာ ဒီကေဘီအေအဖြစ် ရပ်တည်သွားခဲ့ရာမှ လာမည့်ရွေးကောက်ပွဲမတိုင်ခင် ယခုလို နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲလိုက်ခြင်းဖြစ်သည်။

❑

**လှိုင်းဘွဲ့မြို့နယ် မဲပလဲကျေးရွာတွင် ပြုလုပ်သည့် နယ်ခြားစောင့်တပ် တပ်ဖွင့်ပွဲအခမ်းအနား**

### အယ်ဒီတာ့အာဘော်

## အိမ်ကြက်ချင်း အိုးမဲသုတ်မဲ့ ရွေးကောက်ပွဲ

မကြာတော့သည့် နိုဝင်ဘာလ ၇ရက်တွင် ကျင်းပပြုလုပ်မည့် နအဖ စစ်အစိုးရ၏ ရွေးကောက်ပွဲသည် လူထုကို လူထုချင်း၊ ပါတီကို ပါတီချင်း၊ တိုင်းရင်းသား အချင်းချင်းကို အိမ်ကြက်ချင်း အိုးမဲသုတ်ကာ ခွဲပ်ခိုင်းသောပွဲပင် ဖြစ်သည်။ အနီ ရွေးကောက်ပွဲကို ဦးဆောင်မည့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်များမှာလည်း နအဖ စစ်အစိုးရက ခေါင်းခေါက် ရွေးချယ်ထားသူများသာဖြစ်ပြီး ဘဏ္ဍာရေး၊ လူဦးရေနှင့် ဥပဒေအားလုံးကို စစ်အုပ်စုကပင် ချုပ်ကိုင်ထားသည်။

စစ်အစိုးရသည် ရာစုတစ်နှစ်ပါး မပြီးဆုံးသေးသည့် ပြည်တွင်းစစ်ကာလအတွင်း ၎င်းတို့ကို အမြစ်ပြတ်တောင်လှန်နေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို သပ်သျှိုးပြိုခွဲခြင်း၊ စည်းရုံးဗဲ့ထုတ်ခြင်းကြောင့် ၁၉၈၀ခုနှစ်အတွင်း တိုင်းရင်းသား အပစ်ရပ်အဖွဲ့ ၁၇ဖွဲ့ ဖြစ်တည်လာခဲ့ရသည်။ စစ်အုပ်စုသည် ထိုအပစ်ရပ်အဖွဲ့များအား ၎င်းတို့၏ မိခင်တော်လှန်ရေးအဖွဲ့ကို ပြန်လည်တိုက်ခိုက်ခိုင်းကာ သွေးခွဲလုပ်ဆောင်နိုင်ခဲ့ခြင်းဖြင့် နိုင်ငံရေး အမြတ်ထုတ်ခဲ့သည်။

တစ်ဦးစီ၊ တစ်ဖွဲ့စီဖြစ်စေ မတူသည့် အခွင့်အရေး၊ လုပ်ပိုင်ခွင့်များပေးကာ မိမိတို့ စစ်တပ်က အပစ်ရပ်များ၏ မဟာမိတ်ယောင်ယောင် ဟန်ဆောင်လုပ်ကြံခဲ့ကြသည်။ မက်လောက်သော စီးပွားကွက်များ ချပေးကာ နိုင်ငံရေးအသိကို ဖျောက်ပစ်ခဲ့ကြသည်။ အပစ်ရပ်အဖွဲ့ သဘာချင်းတူသည့်တိုင် စစ်အစိုးရ ခေါင်းဆောင်များက အကန့်ခွဲကာ ခေါ်ယူတွေ့ဆုံခဲ့သည်။ ဤသည်ကပင် စစ်အုပ်စု၏ သွေးခွဲဆက်ဆံရေးပင် ဖြစ်သည်။

စစ်အစိုးရ၏ အတွင်းရေးမှူး(၁)ဖြစ်ခဲ့သူ ယခင် စစ်ထောက်လှမ်းရေးမှူးဟောင်း ဗိုလ်ချုပ်ခင်ညွှန့် လက်ထက်ကတည်းက ရေးဆွဲခဲ့သည့် လမ်းညွှန်ချက် ၇ချက်ပါ လမ်းပြမြေပုံအရ ၂၀၁၀ ရွေးကောက်ပွဲသည် ဂိတ်ဆုံးအဆင့်ဖြစ်သည်။ တိုင်းရင်းသား ကိုယ်စားလှယ်များ လက်ညှိုးထောင် ခေါင်းညိတ် တက်ရောက်လာခဲ့ကြသည့် ညောင်နှစ်ပင် အမျိုးသားညီလာခံကို ၁၄နှစ်ကြာ ကျင်းပလာခဲ့ပြီး ၂၀၀၈ခုနှစ် (နာဂစ်)ဖွဲ့စည်းပုံအခြေခံ ဥပဒေကို မဲလိမ်အတည်ပြုခဲ့ကြသည်။ လူထုသည် စစ်အုပ်စု၏ အာဏာဖြင့် တစ်ဆင့်ချင်း နိုင်ငံရေးအမြတ်ထုတ်မှုကို မသိမဟုတ်။ ဂဃနဏ သိသည်။

စစ်အသုံးစရိတ်တွင် တိုင်းပြည်ဘဏ္ဍာကို ရာခိုင်နှုန်းထက်ဝက်ကျော် အများဆုံး အသုံးပြုကာ လက်နက်ဝယ်ယူစုဆောင်းပြီး လူထုကို သေနတ်မိုး အုပ်ချုပ်ခဲ့ကြသည်။ လူထုအတွင်း မတူကွဲပြားသည့် ၎င်းတို့၏ လက်ဝေခံ ကြွယ်ဝ၊ စွမ်းအားရှင်၊ အမျိုးသမီးရေးရာ ကဲ့သို့သော အသင်းအဖွဲ့များဖွဲ့ကာ ဥပဒေမဲ့ တစောက်ကန်း လုပ်ပိုင်ခွင့်များပေးရင်း သာမန်လူထုနှင့် ခွဲခြားခဲ့ကြသည်။ ဆိုးကျိုးအဖြစ် လူထုမှာ တစ်ဦးနှင့်တစ်ဦး၊ တစ်စုနှင့်တစ်စု အကြွင်းမဲ့ ယုံကြည်ရန် အားနည်းလာကြပြီး မတရားအုပ်ချုပ်နေသည်ကို သိသိလျက် ငုံ့ခံနေခဲ့ကြသည်။

စစ်အစိုးရသည် ၂၀၁၀တွင် ရွေးကောက်ပွဲကို မဖြစ်မနေ ကျင်းပမည်ဟု လူထုတစ်ရပ်လုံးက တထစ်ချ ယုံကြည်မျှော်လင့်ထားကြသည့်အတိုင်း အမှန်တကယ်ပင် ကျင်းပတော့မည်ဖြစ်သည်။ ထိုသို့ ရွေးကောက်ပွဲ မကျင်းပမီ အတောအတွင်း အပစ်ရပ်အဖွဲ့အားလုံးကို နယ်ခြားစောင့်တပ် အသွင်ပြောင်းကာ နိုင်ငံတွင် စစ်တပ်တစ်ခုတည်းသာ ရှိရမည်ဟု ဖွဲ့စည်းပုံတွင် ပြဋ္ဌာန်းထားသည့်အတိုင်း သိမ်းသွင်းခဲ့၊ သိမ်းသွင်းနေဆဲဖြစ်သည်။ ကေအန်ယူ ထိပ်ပိုင်းခေါင်းဆောင်တစ်ဦးက **"နအဖ အပစ်ရပ်လုပ်ခိုင်းတာက လက်နက်ချခိုင်းတာပဲ။ နယ်ခြားစောင့်တပ်ဆိုတာ စစ်ရေးအရ တောင်လှန်ရေးအဖွဲ့တွေကို ပြန်တိုက်ခိုင်းတာ။ ဒါဟာ လူထုလိုလားတဲ့ ငြိမ်းချမ်းရေးလမ်းစဉ်အစစ် မဟုတ်ဘူး။"**ဟု မကြာသေးခင်က ကရင်သတင်းစဉ်ကို ပြောဆိုခဲ့သည်။

သြဂုတ်လ တတိယပတ်အတွင်း ကရင်ပြည်နယ်၌ နအဖ အရှေ့တောင်တိုင်း စစ်ဌာနချုပ်က နယ်ခြားစောင့်တပ်များ တပ်ဖွဲ့ပွဲ့ အခမ်းအနား ပြုလုပ်ကျင်းပခဲ့သည်ကို စစ်အုပ်စုပိုင် သတင်းဌာနများတွင် ဝေဝေဆာဆာ ဖော်ပြခဲ့ကြသည်။ ဒီကေဘီအေ ဒုဥက္ကဋ္ဌ ဦးကျော်သန်းက ဒီကေဘီအေ အစည်းအရုံးသည် ယခင်က ယာယီငြိမ်းချမ်းရေးအဖြစ်သာ တာဝန်ထမ်းဆောင်ခွင့်ရခဲ့သော်လည်း ယခုအချိန်တွင် ထာဝရငြိမ်းချမ်းရေး ရရှိပြီး နယ်ခြားစောင့်တပ်အဖြစ် နယ်စပ်လုံခြုံရေး ကာကွယ်ရေးဆိုင်ရာ ကိစ္စများကို ပိုမိုဆောင်ရွက်သွားနိုင်တော့မည်ဟု ဆိုထားသည်။ တစ်ထောင့်တစ်ည ဖြစ်တော့မည့် စစ်ကျွန်ဘဝကို မိမိတို့ကိုယ်ကို သွတ်သွင်းလိုက်ခြင်းသာ ဖြစ်သည်။

သို့သော် လက်ရှိအချိန်တွင် ကချင်၊ ရှမ်း၊ ဝ၊ မွန်နှင့် အပစ်ရပ် ကရင်အချို့က လည်း နယ်ခြားစောင့်တပ်ကို ငြင်းဆန်ရင်း သပိုင်းမှားကို ဆေးကြောသန့်စင်နေကြသည်။ ပြည်သူ့အချင်းချင်း၊ လူမျိုးအချင်းချင်း အိုးမဲသုတ် ခွဲပ်ခိုင်းမည့် နယ်ခြားစောင့်တပ်အရေးကို လူထုနှင့် လူထုထဲမှ ပေါက်ဖွားလာသည့် အပစ်ရပ်အဖွဲ့များက စစ်ကျွန်အဖြစ် နှံ့နစ်မခံဘဲ မနှေးအမြန် ခုခံတော်လှန်ရင်း လူထုအကျိုး၊ တိုင်းပြည်အကျိုးကို သယိုးသူများအဖြစ်သာ ကမ္ဘည်းမှတ်ကျောက်တင် လုပ်ဆောင်သင့်ပေသည်။

❑

## ကရင်သတင်းစဉ်


| | |
|---|---|
| တာဝန်ခံအယ်ဒီတာ | နန်းဖော့ဂေ |
| လက်ထောက်အယ်ဒီတာ | နန်းထူးစံ |
| သတင်းထောက်များ | စောခါးစူးညာ၊ စောသိန်းမြင့်<br>နော်ဖြူဖြူသင်း၊ |
| အပြင်အဆင် | စောဖိုးကျော်၊ စောထွန်းနိုင် |

ဆက်သွယ်ရန်


kicnews@yahoo.com
P.O Box 22
Mae Sot, 63110
Tak, Province
Thailand.
<www.kicnews.org>

# ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီ အဖွဲ့ဝင်အင်အား တစ်သောင်းရှိပြီ

**သြဂုတ်လ ၁၆ရက်။**
**စောသိန်းမြင့် (ကေအိုင်စီ)**

ကရင်ပြည်နယ် ကိုယ်စားပြုပါတီတခုဖြစ်သော ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီ (Phlone-Sguaw Democratic Party-PSDP)သည် ပြီးခဲ့သည့် ၂လခန့်မှစ၍ ပါတီဝင်များ လိုက်လံစည်းရုံးလျက်ရှာ လက်ရှိအချိန်တွင် အင်အားတစ်သောင်းရှိပြီဟု သိရသည်။

PSDP ပါတီ ဥက္ကဋ္ဌ စောခင်မောင်မြင့်က "ပါတီဝင်အင်အားကတော့ လက်ရှိသတ်မှတ်ထားတဲ့ အင်အားထက် ကျော်လာပြီးလေ။ ဟိုမှာ သူတို့ (ရွေးကောက်ပွဲကောင်မရှင်)က တစ်ထောင်သတ်မှတ်တာကိုး။ အင်အားကတော့ သောင်းဂဏန်းထိလောက် ရနေပါပြီ။ ဒီဖားအံ့ကော (၇)မြို့နယ်လုံးပေါ့လေ။ အဓိကကတော့ ဖားအံ့မြို့နယ်ပေါ့" ဟု အတည်ပြု ပြောဆိုသည်။

မြို့နယ် (၇)ခုတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဖလုံ–စဝေါ်ဒီမိုကရက်တစ်ပါတီသည် လက်ရှိအချိန်တွင် ပါတီဝင် စည်းရုံးရေးခရီစဉ်ကို ဖားအံ့၊ ကော့ကရိတ်၊ လှိုင်းဘွဲ့၊ ကြာအင်းဆိပ်ကြီး၊ မြဝတီနှင့် ဖာပွန်စသည့်မြို့နယ်များတွင် စည်းရုံးရေးခရီးစဉ် ပြုလုပ်ပြီးစီးခဲ့ပြီး ကရင်လူထုမှ အင်တိုက်အားတိုက် ပါဝင်လာခဲ့ကြရာ ဆက်လက်စည်းရုံးရန် သံတောင်မြို့နယ်တစ်ခု ကျန်ရှိသေးသည်ဟု စောခင်မောင်မြင့်က ဆက်ပြောသည်။

"လက်ရှိမှာ ဒီကရင်ပြည်နယ်အတွင်းမှာက အင်တိုက်အားတိုက်တော့ ထောက်ခံမှု ရှိပါတယ်။ အနည်းဆုံး (၇၀)ရာခိုင်နှုန်းလောက်ကတော့ ပြောစရာ သိပ်မလိုဘူးပေါ့။ ပြောပြလိုက်တာနဲ့သူတို့သဘောပေါက်ပါတယ်။ ဒါနဲ့ပဲ ပါဝင်လာကြတာပေါ့လေ။ ကိုယ့်ရဲ့ တိုင်းရင်းသားလူမျိုးကို အခြေခံပြီးဖွဲ့စည်းတဲ့ ပါတီဖြစ်တဲ့အတွက်ရယ်၊ နောက်ပြီးတော့ ကရင်ပြည်နယ်ဒေသမှာပဲ အခြေခံပြီးတော့ ဖွဲ့စည်းတဲ့အဖွဲ့အစည်းဖြစ်တာက တစ်ကြောင်းပေါ့လေ"ဟု ၎င်းကပြောသည်။

**လူထုကို အရင်းခံပြီး ဖွဲ့စည်းထားတဲ့ ပါတီဖြစ်တဲ့အတွက်ကြောက်မို့ ကရင်ပြည်သူတွေက ထောက်ခံကြတာပါ...**

အဆိုပါ PSDP ပါတီတွင် အလုပ်အမှုဆောင် ၉ဦးဖြင့် သတ်မှတ်ဖွဲ့စည်းထားရာ ယာယီဥက္ကဋ္ဌအဖြစ် စောခင်မောင်မြင့်၊ ဒုဥက္ကဋ္ဌ စောအောင်ကျော်နိုင်၊ အထွေထွေအတွင်းရေးမှူး စောကြည်လင်း၊ တွဲဘက်အတွင်းရေးမှူး(၁) စောတင်လှိုင်၊ တွဲဘက်အတွင်းရေးမှူး(၂) စောရှားထွန့်ဖေါင်၊ လူငယ်ဥက္ကဋ္ဌ စဘီကျင်ဦး၊ အမျိုးသမီးဥက္ကဋ္ဌ ဒေါ်နန်းစေအွာ၊ အဖွဲ့ဝင် စောမြထွန်းနှင့် စောခင်ကျော်ဦးတို့ဖြစ်သည်။

ဖားအံ့မြို့နယ်၊ (၇)ရပ်ကွက်၊ ထုံးအိုင်လမ်း၊ မိုးကယ်ဘုန်းကြီးကျောင်းအနီးတွင် ပါတီရုံးချုပ်ထားရှိသည့် ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီသည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ပြီးခဲ့သည် မေလ ၂၇ ရက်နေ့တွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ထံ လျှောက်ထားခဲ့ပြီး ဇွန်လ ၄ရက်နေ့တွင် မှတ်ပုံတင်အမှတ် (၃၀)ဖြင့် ပါတီတည်ထောင်ခွင့် ရရှိခဲ့ပြီးဖြစ်သော်လည်း ပါတီဆိုင်းဘုဒ်ကိုမူ ယခုအချိန်ထိ မထောင်ရသေးကြောင်း သိရသည်။

PSDP ပါတီသည် လွန်ခဲ့သည့် ဇွန်လကတည်းက ၎င်းအခြေပြုသည့် ကရင်ပြည်နယ်အတွင်း ပါတီဝင်များစွာ စည်းရုံးဖွဲ့စည်းနိုင်ခဲ့သော်လည်း ရန်ကုန်မြို့တွင် ပါတီရုံးအခြေစိုက်သည့် ကရင်ပြည်သူ့ပါတီ (KPP)ကိုမူ ရန်ကုန်တိုင်းအတွင်းရှိ ကရင်လူထုက အယုံအကြည်မရှိကြဘဲ ၎င်းတို့၏ ဟောပြောမှုများကိုပင် စိတ်ပျက်သူများရှိသည်ဟု ရန်ကုန်တိုင်းရှိ ကရင်အသိုင်းအဝိုင်းက ပြောဆိုနေကြသည်။

ဖားအံ့မြို့ အမှတ်(၄)ရပ်ကွက်မှ အငြိမ်းစား ကျောင်းဆရာတစ်ဦးက "ဖလုံ–စဝေါ်ပါတီမှာ ပါဝင်ဦးဆောင်တဲ့သူတွေက သာမန် အစိုးရ ဝန်ထမ်းတွေပါပဲ။ နောက်ပြီး လူထုကို အရင်းခံပြီး ဖွဲ့စည်းထားတဲ့ ပါတီဖြစ်တဲ့အတွက်ကြောင့်မို့ ကရင်ပြည်သူတွေက ထောက်ခံကြတာပါ။ (KPP) (UKL) ပါတီတွေက ဦးဆောင်သူတွေဟာ စစ်တပ်ထဲက အငြိမ်းစားအရာရှိတွေ၊ စစ်အာဏာပိုင်တွေရဲ့ အာဏာသက်ရောက်သူတွေ ဖြစ်နေတော့ လူထုက သူတို့ကို ယုံကြည်မှု မရှိတာပဲလေ"ဟု ဆိုသည်။

ကရင်ပြည်နယ်တွင် လက်ရှိအချိန်၌ ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီအပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ (တစည)နှင့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီတို့ အဖွဲ့ဝင်စည်းရုံးမှုများ လုပ်ဆောင်လျှက်ရှိပြီး စစ်အစိုးရ သတင်းစာတွင် ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီက သြဂုတ်လ ၁၂ရက်နေ့က ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားသည်ဟု ဖော်ပြထားသည်။

စစ်အစိုးရက ကျင်းပပြုလုပ်မည့် ၂၀၁၀ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ပါတီမှတ်ပုံတင်ထားသည့် PSDP, KPPနှင့် UKL ကရင်ပါတီ ၃ ဖွဲ့သည် မိမိတို့၏ ပါတီဝင်အင်အားများကို လိုက်လံစုဆောင်းလျှက်ရှိပြီး လာမည့်နိုဝင်ဘာလ ၇ရက်နေ့တွင် ကျင်းပပြုလုပ်မည့် အထွေထွေ ရွေးကောက်ပွဲ၌ သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအလိုက် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟုလည်း သိရသည်။

PSDPပါတီသည် ကရင်ပြည်နယ်ကို အခြေခံကာ ဖွဲ့စည်းတည်ထောင်ထားသော်လည်း မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းများအထိ တိုးချဲ့ဖွဲ့စည်းသွားမည်ဟုလည်း ၎င်းတို့၏ ဖွဲ့စည်းပုံအရ သိရသည်။

❑

# ခရက ဥက္ကဋ္ဌ အလှူစည်းရုံးရေးဖြစ်နိုင်

**သြဂုတ်လ ၉ရက်။**
**နော်ဖြူဖြူသင်း (ကေအိုင်စီ)**

မြဝတီမြို့ရှိ ဘုန်းတော်ကြီးကျောင်းတကျောင်းတွင် ယခုလ ဆန်းပိုင်းက (ခရက) ဥက္ကဋ္ဌက ဦးထွန်းထွန်းဝင်းမှ မြို့နေလူထုအား (၇)ရက်တိုင် အလှူပေးခဲ့ခြင်းသည် စည်းရုံးရေးတစ်ခုဖြစ်နိုင်ကြောင်း မြို့ခံအချို့က ပြောဆိုနေကြသည်။

"ဘုရင့်နောင် လမ်းမကြီးက ဘုရားကြီးကျောင်းတိုက်မှာ အလှူလုပ်နေတာတော့ တွေ့တယ်။ ကျွေးနေတာ တစ်ပတ်တောင်မှ ဆိုပဲ။ မေးကြည့်တော့ ခရက ဥက္ကဋ္ဌရဲ့ အလှူတဲ့။ ဘယ်သူမဆို တနေကုန် ဘယ်အချိန် လာစားစားရတယ်တဲ့။ ကြည့်ရတာ ရွေးကောက်ပွဲအတွက် စည်းရုံးနေတာလား မသိဘူး"ဟု မြို့ခံအမျိုးသမီးတစ်ဦးက ပြောသည်။

**ဒါကတော့ သူတို့စည်းရုံးရေးအတွက်ပဲ လုပ်တာနေမှာပါ။ ကျနော်ကတော့ အဲဒီဘက်ရောက်ကို မရောက်ဖြစ်ဘူးလေ...**

ဇူလိုင်လ ၃၁ရက်နေ့မှ ယခုလ ၆ရက်နေ့အထိ ပြုလုပ်သည့် ယင်းအလှူတွင် မည်သူမဆို နံနက် (၆)နာရီမှ ညနေ (၄)နာရီအထိ အချိန်မရွေး လာရောက်စားသုံးနိုင်ပြီး မရက၊ ရပ်ကွက်လူကြီးများနှင့် စေတနာ နာရေးကူညီမှုအသင်းမှ အဖွဲ့ဝင်များက ဝိုင်းကူကျွေးမွေးခဲ့ကြောင်း သိရသည်။

မြို့သူတစ်ဦးက "သူတို့ လုပ်တာက တိုက်ရိုက်မလုပ်ဘူးလေ။ အလှူကျွေးသလိုနဲ့ သွယ်ဝိုက်ပြီးတော့ လုပ်တာ။ ကျွေးတာမှ ထမင်းနဲ့ဟင်း စပါယ်ရှယ်ကျွေးတာ။ အခု ဂိတ်တွေလည်းပိတ်ပြီး စီးပွားရေးတွင် အဆင်မပြေတော့ ပိုက်ဆံမရှိတဲ့ ဆင်းရဲသားတွေ၊ ဆိုက္ကားသမားတွေ အနေနဲ့ကတော့ သွားစားတာကို အခွင့်ကောင်းယူတာပေါ့"ဟု ပြောဆိုသည်။

ၔင်းအလှူအတွက် မြဝတီမြို့ရှိ သူဌေးဦးကျော်ဟိန်းမှလည်း အလှူငွေ ကျပ်သိန်း ၃၀ပင် လှူဒါန်းကြောင်းလည်း သိရသည်။ မြဝတီမြို့ရှိ ကုန်သည်တစ်ဦးကလည်း "ဒါကတော့ သူတို့စည်းရုံးရေးအတွက်ပဲ လုပ်တာနေမှာပါ။ ကျနော်ကတော့ အဲဒီဘက်ရောက်ကိုမရောက်ဖြစ်ဘူးလေ"ဟု ကေအိုင်စီကို ပြောသည်။

မြဝတီခရိုင် ဥက္ကဋ္ဌသည် လက်ရှိ အစိုးရအာဏာပိုင်မှဖြစ်ပြီး အများအားဖြင့် အစိုးရဝန်ထမ်းများ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ အဖွဲ့ဝင်များဖြစ်သည့်အတွက် ယခုလို အကျွေးအမွေးဖြင့် စည်းရုံးခြင်းဖြစ်သည်ဟုလည်း ပြောဆိုနေကြခြင်းဖြစ်သည်။

မြဝတီမြို့တွင် နေထိုင်ကြသူများသည် များသောအားဖြင့် နယ်စပ်စီးပွားရေးကို မှီခိုရပ်တည်နေကြရကာ မြန်မာစစ်အစိုးရဖက်ကယခုလို ချစ်ကြည်ရေးတံတား အပါအဝင် တရားမဝင်ဂိတ်များအားလုံး ပိတ်လိုက်သဖြင့် မြို့ခံများမှာ စားဝတ်နေရေးကြပ်တည်းနေကြရသည်။

# ရွေးကောက်ပွဲမတိုင်ခင် လူထုအတွင်း စစ်တပ်၏ စောင့်ကြည့်မှုခံရ

**သြဂုတ်လ ၃ရက်။**
**နန်းထူးစံ (ကေအိုင်စီ)**

ကရင်ပြည်နယ် နေရာအတော်များများတွင် နအဖ စစ်အစိုးရတပ်များသည် လာမည့် ရွေးကောက်ပွဲမတိုင်ခင် ၎င်းတို့ ထိန်းချုပ်မှုအောက်ရှိ လူထုများကို သွားလာလှုပ်ရှားမှုများကို ဇူလိုင်လဆန်းပိုင်းမှစ၍ နေ့စဉ် စောင့်ကြည့်လျှက်ရှိသည်ဟု ဒေသခံများက ပြောသည်။

သထုံ၊ တောင်ငူ၊ ညောင်လေးပင်နှင့် ဖာပွန်ခရိုင်များအတွင်း အခြေစိုက် လှုပ်ရှားနေသော နအဖ တပ်ဖွဲ့ဝင်များသည် ဒေသခံလူထုများ ၎င်းတို့၏ ကျေးရွာမှ အပြင်သို့ သွားလာခြင်းကို အမျိုးမျိုးပိတ်ပင် တားဆီးကာ သွားလာနေသူများကို စစ်ဆေးမေးမြန်းခြင်း၊ အိမ်ထောင်စုစာရင်း၊ မိဘအမည် စာရင်းမှတ်ယူခြင်း၊ ငွေကြေးတောင်းခံခြင်းများကို ယခုလဆန်းကတည်းက စတင်လုပ်ဆောင်လာသည်ဟု သိရသည်။

ဖာပွန်ခရိုင်ရှိ မြို့နယ်များအတွင်း နေထိုင်သည့် ဒေသခံလူထုသည် ၎င်းတို့၏ စားဝတ်နေရေးအတွက် အလုပ်ရှာဖွေရန် သွားလာရာတွင် နအဖ လှုပ်ရှားတပ်များက နည်းလမ်းမျိုးစုံဖြင့် တားဆီးပိတ်ပင်သည့်အပြင် လူထုထံမှ ငွေညှစ်တောင်းခံနိုင်ရန် အမြဲလိုလို ရှာကြံလုပ်ဆောင်နေကြောင်း ဖာပွန်နယ်ခံတဦးက ပြောသည်။

သူက "ကျနော်တို့ ဖာပွန်ခရိုင်မှာ အထူးသဖြင့် ဒွယ်လိုးမြို့နယ်က ကွီးတမာ့၊ ဝေါ်မူနဲ့ မာလေးလယ်ဂွင်တွေမှာ အခုချိန်ဆို ရွာသားတွေ တနေရာရာသွားလာရင် သူတို့(စစ်တပ်)ဆီမှာ လက်မှတ်ရေးပြီးမှ သွားလို့ရတယ်။ သူတို့သတ်မှတ်တဲ့ အတိုင်းလည်း ပိုက်ဆံပေးရတယ်။ အဲလိုမျိုးသွားရင်တောင်မှ အချိန်နဲ့။ မနက် ဖိနာရီက ညနေ ၄နာရီအတွင်းမှာပဲခွင့်ပြုပေးတယ်။အဲဒါကြောင့် ရွာသားတွေဟာ သွားလာလုပ်ကိုင်စားသောက်ဖို့ အရမ်းခက်ခဲလာတယ်"ဟု ကေအိုင်စီကို ပြောသည်။

"ဒီ့အပြင် ရွာသူရွာသားတွေ ဘယ်နေရာတွေကိုပဲသွားသွား နအဖ တပ်တွေက သူတို့လူတွေကို လွှတ်ပြီး သွားလာနေတဲ့ ရွာသူရွာသားတွေဆီမှာ ငွေတောင်းတာ၊ ငွေညစ်တာတွေ လုပ်တာရှိတယ်။ ဒီလိုမျိုးလုပ်ရပ်တွေ သူတို့အခြေချတဲ့ နေရာတိုင်းမှာ ရှိနေတယ်"ဟု ၎င်းဖာပွန်သားကပင် ဆက်ပြောသည်။

အလားတူ သထုံခရိုင်၊ ဘီးလင်းမြို့နယ်ရှိ နအဖ ခလရ(၉) တပ်ဖွဲ့ဝင်များသည် ပြီးခဲ့သော ဇူလိုင်လ ၂၅ရက်နေ့မှစ၍ ယခုချိန်အထိ ဝင်းရောဂွင်၌ ဝင်ထွက်သွားလာနေသည့် ဒေသခံလူထုများကို စစ်ဆေးမေးမြန်းမှုများ လုပ်ဆောင်လျှက်ရှိပြီး တနေရာရာသို့ သွားလာရန်ရှိပါက ခရီးသွား ထောက်ခံစာ၊ မှတ်ပုံတင်၊ အိမ်နံပါတ်၊ နာမည်၊ အသက်၊ မိဘအမည်၊ နေရပ်စသည်တို့ကို ယူဆောင်သွားရသည့်အပြင် တစ်ဦးလျှင် ၅၀၀ကျပ်စီ တောင်းသည်ဟု ဒေသခံများက ပြောသည်။

ၔင်းအပြင် တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်တွင်လည်း နအဖ ခလရ (၇၃)နှင့် စစ်ကွပ်ကဲရေးဌာန ချုပ်–စကခ(၇) လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ဇူလိုင်လကုန်တွင် ပြင်ကားနှင့် လေးတောကျေးရွာရှိ ရွာသူရွာသားများကို ဓါတ်ပုံရိုက်ယူပြီး အိမ်ထောင်စုစာရင်းများကိုလည်း ကောက်ယူခဲ့ကြောင်း ကေအဲန်ယူ၏ သတင်းမှတ်တမ်းများတွင် ဖော်ပြထားသည်။

ထိုနည်းတူ ကရင်လူထုနေထိုင်ရာ ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ်အတွင်း ရပ်ကွက်အတွင်းဖြစ်စေ၊ ကျေးရွာအတွင်းဖြစ်စေ လူတစ်ဦးချင်း၏ အဝင်အထွက်ကို ဇွန်လ ၁၂ရက်ကတည်းက အချိန်ပြည့် စောင့်ကြည့်မှုများမှာ ယခုအချိန်ထိ ရှိနေသည်ဟု ဝါးခယ်မမြို့ခံတစ်ဦးက ယခုလို ပြောသည်။

သူက "ကျနော်တို့ ဝါးခယ်မမြို့နယ်ဘက်မှာလည်း လူထုတွေ ကိုယ့်နေရာကနေ ဝင်တာ၊ ထွက်တာတွေကို စောင့်ကြည့်နေတာတွေ ရှိတယ်။ ဇွန်လ ၁၂ရက်က အခုချိန်ထိပဲ။ တကယ်လို့ တစ်ယောက်ယောက်က သူ့နေရာမှာ မရှိရင် ငွေကျပ် ၁၂၀၀ ပေးရတယ်။ အထူးသဖြင့် မြို့နယ်ထဲက တရုတ်တန်းရပ်ကွက်၊ တရုတ်ချောင်းရွာ၊ တောင်ဦးချောင်းပြ အဲဒီရွာတွေမှာပေါ့"ဟု ကေအိုင်စီကို ပြောသည်။

စစ်အစိုးရတပ်များ၏ ယင်းလုပ်ငန်းများကို မည်သည့်အတွက်ကြောင့် လုပ်ဆောင်နေသည်ကို လူထုထံ အသိမပေးသော်လည်း ၂၀၀၈ ခုနှစ်က ၎င်းတို့ ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုရေးအတွက် လူထုဆန္ဒခံယူပွဲ မကျင်းပခင် အလားတူ လုပ်ဆောင်မှုမျိုး ပြုလုပ်ခဲ့ကြောင်း သိရသည်။

**စစ်မှန်သည့် ဒီမိုကရေစီစနစ်အရ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေး ပြည်သူ့အားလုံးတွင် တာဝန်ရှိသည်၊**

# ကရင်အာဇာနည်နေ့ ဩစတြေးလျားနိုင်ငံ ကျင်းပပြီးစီး

**ဩဂုတ်လ ၁၄ရက်။**
**စောကျော်ခိုး (ကေအိုင်စီ)**

ကရင်အမျိုးသားတော်လှန်ရေးတွင် အသက်ပေးဆပ်သွားသည့် အမျိုးသားခေါင်းဆောင် စောဘဦးကြီးနှင့် အာဇာနည်ရဲဘော်များအား ရည်စူး၍ နှစ်(၆၀)မြောက် ကရင့်အမျိုးသားအာဇာနည်နေ့ အခမ်းအနားတရပ်ကို ဩစတြေးလျား နိုင်ငံ ဆစ်ဒနီမြို့တွင် ယနေ့ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားကို ဩစတြေးလျားရောက် ကရင်အမျိုးသားအဖွဲ့ (အေကေအို)က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ရှစ်လေးလုံးကျောင်းသားများ၊ နိုင်ငံခြားသားများနှင့် ဩစတြေးလျားရောက် ကရင်တိုင်းရင်းသားများ အပါအဝင် ပရိသတ် ၁၅၀ ကျော် တက်ရောက်ခဲ့ကြသည်ဟု သိရသည်။

စောဘဦးကြီး၏ မူလေးချက်အရ အမျိုးသားရေး၊ နိုင်ငံရေး သာတူညီမျှဖို့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိရေး၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ထွန်းကားရေးနှင့် အနာဂတ်ဖယ်ဒရယ်ပြည်နယ်ပေါင်းစု ပေါ်ပေါက်ရေးတို့အတွက် ရည်ရွယ်၍ ကရင်အာဇာနည်နေ့ကို ကျင်းပရခြင်းဖြစ်ကြောင်း နယူးဆောဇ်သ်ဝေးပြည်နယ် အေကေအို ဥက္ကဋ္ဌ မန်းအော်လန်းဒိုက ပြောသည်။

အေကေအို ဗဟို ဥက္ကဋ္ဌ စောလွင်ဦးက အာဇာနည်နေ့ ဖြစ်ပေါ်လာပုံအကြောင်း ရှင်းလင်းပြောကြားရာတွင် "ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးကျေးရွာမှ စောဘဦးကြီးနဲ့ ဗိုလ်ချုပ်စိုင်းကေတို့ ၁၉၅၀ ခုနှစ်၊ သြဂုတ်လ (၁၂)ရက်နေ့က ကျဆုံးခဲ့တဲ့နေ့ကို ကရင့်အာဇာနည်နေ့လို့ သတ်မှတ်တယ်။ (၆၁)နှစ်ကျော်ကြာ ကရင့် တော်လှန်ရေးဟာ ကျဉ်းမြောင်းတဲ့ မျိုးချစ်စိတ်ဓာတ်ကို အခြေခံတာ မဟုတ်ဘူး။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် ငြိမ်းချမ်းစွာ တောင်းဆိုရင်း ဖဆပလ အစိုးရတပ်က ကရင်လူမျိုးတွေကို လက်နက်ကိုင်လမ်းစဉ်ရောက်အောင် တွန်းပို့ခဲ့ခြင်းသာဖြစ်တယ်''ဟု ဆိုသည်။

ဂင်းအပြင် သူက ''ကုလသမဂ္ဂနဲ့ နိုင်ငံတကာကလည်း လူ့အခွင့်အရေးချိုးဖောက်တဲ့ နအဖစ်အုပ်စုကို ဝိုင်းဝန်းဖိအားပေးဖို့နဲ့ နအဖရဲ့ ရွေးကောက်ပွဲဟာ တိုင်းရင်းသားတွေ အပါအဝင် မြန်မာပြည်သူပြည်သားတွေအားလုံးအတွက် အကျိုးတရားတွေ ဖော်ဆောင်လာမှာ မဟုတ်တော့ ဒီရွေးကောက်ပွဲရဲ့ ရလဒ်ကို နိုင်ငံတကာက အသိအမှတ်မပြုဖို့ ပြောချင်ပါတယ်''ဟု ဆက်လက်ပြောဆိုခဲ့သည်။

အခမ်းအနား အစီအစဉ်အရ ကရင့်အမျိုးသားအလံကို တစ်ဝက်ချပြီး အလံတော်နှင့် ကျဆုံးသွားခဲ့သည့် အာဇာနည်များကို အလေးပြုခြင်း၊ ဩဝါဒစကား ပြောကြားခြင်း၊ ဝုံးအက၊ တေးသီချင်းများဖြင့် ကရင်လူငယ်များက ဖျော်ဖြေခြင်းနှင့် ကျွေးမွေးဧည့်ခံခြင်းများ ပြုလုပ်ခဲ့ကြသည်။

''ကျနော်တို့ အာဇာနည်တွေဟာ ကရင်လူမျိုးလွတ်မြောက်ရေး အသက်စွန့်ပြီးတော့ တိုက်ပွဲဝင်ခဲ့တယ်။ စောဘဦးကြီးကို ပင်လယ်ထဲသွားချတော့မယ့်နေ့မှာ ကျနော်တို့ မြစ်ဝကျွန်းပေါ်မှာ လှိုင်းတွေ၊လေတွေကြီးပြီး မြေလျင်လည်း လှုပ်တယ်။ ဘုရားကျောင်းတိုင်း ခေါင်းလောင်းတွေ ထိုးကြနဲ့ပေါ့။ ကရင်တွေအားလုံး ငိုကြွေးခဲ့ကြရတယ်။ ဒီလို ဝမ်းနည်းကြေကွဲခဲ့ပေမယ့် ကရင်တွေဟာ အလျော့မပေးဘူး။

စောဘဦးကြီးရဲ့ မူဟာမှန်ကန်တယ်။ တရားတယ်။ ကရင့်တော်လှန်ရေးဟာ တရားတဲ့ တော်လှန်ရေးဖြစ်တဲ့အတွက် ဘယ်လောက် အခက်အခဲရှိပါစေ။ တနေ့အောင်မြင်ရမယ်။ စောဘဦးကြီးရဲ့ မိန့်မှာချက်က ဒီတော်လှန်ရေးဟာ ကရင့်သမိုင်းမှာ ပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ် ဖြစ်ရမယ်''ဟု မန်းအော်လန်းဒိုက အားပေးစကားပြောကြားခဲ့သည်။

ထိုအခမ်းအနားကို တက်ရောက်ခဲ့သူ စောလားဘွယ်က ''ဒီလို နေ့မျိုးတွေ ရောက်တိုင်း ကျနော်တို့ ကရင်လူမျိုးတွေအတွက် အရိုးကြေကြေ အရည်ခမ်းခမ်း သက်စွန့်ကြိုးပမ်းသွားကြတဲ့ ခေါင်းဆောင်ကြီးများ၊ ရဲဘော်များကို အမှတ်ရနေမိပါတယ်။ သူတို့တွေ တာဝန်ကျေသွားကြသလို ငါတို့လည်း တာဝန်ကျေဖို့လိုတယ်ဆိုတဲ့ သတိပေးမှုတွေက ရင်ထဲ၊ နှလုံးသားထဲကို အားမာန်သစ်တွေ ဖြစ်ပေါ်စေတယ်။''ဟု ကေအိုင်စီကို ပြောသည်။

ကရင်အမျိုးသားခေါင်းဆောင် စောဘဦးကြီး၊ ဗိုလ်ချုပ်စိုင်းကေနှင့် တပ်သားများသည် ဖဆပလတပ်များ၏ ဝိုင်းဝန်းတိုက်ခိုက်မှုကို ခုခံရင်း ကျဆုံးသွားခဲ့သည့် ၁၉၅၀ ခုနှစ်၊ သြဂုတ်လ ၁၂ရက်နေ့ကို ကရင်

**ဩစတြေးလျား ကရင်အာဇာနည်နေ့ အခမ်းအနားတွင် အေကေအို ဥက္ကဋ္ဌ စောလွင်ဦးမှ မိန့်ခွန်းပြောဆိုနေစဉ်**

နအဖရဲ့ ရွေးကောက်ပွဲဟာ တိုင်းရင်းသားတွေ အပါအဝင် မြန်မာပြည်သူပြည်သားတွေအားလုံးအတွက် အကျိုးတရားတွေ ဖော်ဆောင်လာမှာ မဟုတ်တော့ ဒီရွေးကောက်ပွဲရဲ့ ရလဒ်ကို နိုင်ငံတကာက အသိအမှတ်မပြုဖို့ ပြောချင်ပါတယ်''ဟု ဆက်လက်ပြောဆိုခဲ့သည်။

ဗိုလ်ချုပ်စိုင်းကေ ဦးဆောင် စောဘဦးကြီး၊ ဗိုလ်ချုပ်စိုင်းတမျိုးသားလုံးက အာဇာနည်နေ့ အဖြစ် သတ်မှတ်ခဲ့ကြသည်။

ဆစ်ဒနီမြို့တွင် ၁၉၃၆ မှစ၍ ကရင့်အာဇာနည်နေ့ အခမ်းအနားကို နှစ်စဉ် ကျင်းပလာခဲ့ရာ ယခုနှစ်တွင် ၁၄ကြိမ်မြောက်ရှိပြီး ဩစတြေးလျား ဆစ်ဒနီမြို့ရောက် ကရင်များ၏ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်ဖြစ်သည့် ယနေ့မှသာ ကျင်းပခဲ့ကြခြင်းဖြစ်သည်။

အလားတူ မဲလ်ဘုမ်းမြို့တွင် အာဇာနည်နေ့ဖြစ်သည့် သြဂုတ်လ ၁၂ရက်နေ့ကတည်းက ကျင်းပပြုလုပ်ခဲ့ပြီး အင်္ဂလန်နိုင်ငံ ရှဖီးလ်မြို့၌လည်း ယနေ့နေ့လည်တွင် ကရင်လူမှုအဖွဲ့အစည်းရေးရာ (KCA-UK)က ကျင်းပခဲ့ကြသည်ဟု သိရသည်။

ကရင်ပြည်နယ်အတွင်းရှိ ကေအဲန်ယူ ထိန်းချုပ်ရာ နယ်မြေများတွင် ကေအဲန်အယ်လ်အေ တပ်မတာ၊ တပ်ရင်းများက ၎င်းတို့ နယ်မြေအသီးသီးတွင် ကရင့်အာဇာနည်နေ့ကို ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်သည်။ ❑

# ဩဇုံးလောင်းပြိုင် လူသတ်မှု ကနေဒါရောက် ကရင်မိသားစုတွင် ဖြစ်ပွား

**ဩဂုတ်လ ၉ရက်။**
**နော်ဖြူဖြူသင်း (ကေအိုင်စီ)**

ကနေဒါနိုင်ငံ REGINA မြို့မြောက်ပိုင်းရှိ ကရင်ဒုက္ခသည် မိသားတစုတွင် ပြီးခဲ့သည့်အပတ်က ဩဇုံးလောင်းပြိုင် လူသတ်မှုဖြစ်ပွားခဲ့ပြီး ပြစ်မှုကျူးလွန်သူကို ဒေသဆိုင်ရာရဲများက စစ်ဆေးစုံစမ်းလျက်ရှိကြောင်း သိရသည်။

သေဆုံးသူများသည် မြန်မာပြည်မှ ကရင်ဒုက္ခသည်တစ်ဦးဖြစ်ပြီး အမျိုးသားမှာ Crown Shred & Recycling Company တွင် ၂နှစ်ခန့် အလုပ်လုပ်နေသူဖြစ်ကြောင်း ၎င်းကုမ္ပဏီမှ ကြီးကြပ်ရေးမှူး Jack Shawက ထိုမြို့ရှိ Leader Post သတင်းဌာနကို ပြောပြသည်။

သူက ''ဒီလူက ကရင်ဒုက္ခသည်လေ။ သူက ခင်ဖို့လည်းကောင်းသလို အလုပ်ကြိုးစားသူလည်းဟုတ်တယ်။ သူက အလုပ်မှာ ခွင့်တစ်ပတ်ယူထားပြီး အင်္ဂါနေ့မှာ အလုပ်ပြန်ဆင်းတာ မတွေ့ဘူး။ ဒါနဲ့ သူ့ကို အလုပ်ပြန်ဝင်ဖို့ ဆက်သွယ်ပေမဲ့ မရဘူး။ အခုလို မထင်မှတ်ဘဲ ဖြစ်သွားလိမ့်မယ်လို့လည်း မထင်ထားမိဘူး။ သူက လူကောင်းတစ်ယောက်ပါ။''ဟု ပြောသည်။

အိမ်နီးချင်းတစ်ဦးက အသတ်ခံရသူများ၏ အိမ်မှ အပုပ်နံ့ဆိုးဆိုး ထွက်ရှိလာသည့်အတွက် ရဲကိုတိုင်ကြားရာမှ ပြီးခဲ့သည့် သောကြာနေ့တွင် သွားရောက်ကြည့်ရှုရာ ၎င်းတို့ကို ဓားဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိ ပြီး လူသတ်မှု ပေါ်ပေါက်သွားခြင်းဖြစ်သည်။

ထိုအမှုကို စစ်ဆေးနေဆဲဖြစ်သည့် REGINA ရဲများက သေဆုံးသူများသည် မည်သူမည်ဝါဖြစ်ကြောင်း မပြောနိုင်သေးလည်း ၎င်းတို့သည် ထိုင်း–မြန်မာနယ်စပ်မယ်လအူးဒုက္ခသည်စခန်းမှ ၂၀၀၈ ခုနှစ်တွင် ကနေဒါနိုင်ငံသို့ ထွက်ခွာသွားကြသည့် စောနေကော်မူး ၃၆နှစ်၊ ဇနီး နော်မော် ၂၃နှစ်နှင့် သားငယ် စောဆဲဗင်းဂျူး ၃နှစ်တို့ ဖြစ်ကြသည်ဟု ထိုသူများနှင့် ရင်းနှီးခဲ့သူတစ်ဦး ဖြစ်သည့် စောအယ်ဒိုဝါးက ပြောသည်။

''စောနေကော်မူးက နယ်စပ်မှာတုန်းက ကျနော်နဲ့ အရမ်းခင်တယ်။ သူတို့ကို ဗုဒ္ဓဟူးနေ့မှာ ဓားနဲ့ထိုးပြီး သွားလုပ်ကြံတယ်လို့ သိရတယ်။ ဖြစ်ဖြစ်ချင်းတော့ ဘယ်သူမှ မသိလိုက်ဘူး။ ဒါပေမဲ့ အိမ်ဘေးနားက အင်္ဂလိပ်တစ်ယောက်က ယင်ကောင်တွေ ပျံတယ်။ အနံ့လည်း မကောင်းဘူး။ အနံ့ဆိုးတော့ ပုလိပ်ဆီကို တိုင်တယ်။ အဲတော့ သောကြာနေ့ညမှာ ပုလိပ်တွေက အိမ်ကိုဝင်ပြီး သွားကြည့်လိုက်တော့ သူ့မိန်းမကော၊ သူ့ကလေးကော အကုန်လုံး အသတ်ခံရတာပါ။ သူ့မိန်းမမှာ ကိုယ်ဝန်ရှိတယ်''ဟု ဆက်လက်ပြောဆိုသည်။

သေဆုံးသူများသည် REGINAမြို့၊ Oakview Drive အိမ်ဂေဟာတွင် နေထိုင်သူဖြစ်ပြီး အိမ်ရှင်အမျိုးသားမှာ အပြင်မထွက်ခင် ၎င်းတို့၏ နေအိမ်တံခါးကို အသေအချာပိတ်ကာ အပြန်ပြန်စစ်ဆေးပြီးမှ သွားလေ့ရှိကြောင်းနှင့် ၎င်းတို့တွင် တစုံတရာကို ကာကွယ်ရမည့် စိုးရိမ်စရာ အကြောင်းအရာ ရှိနိုင်ကြောင်း အမည်မဖော်လိုသည့် အိမ်နီးချင်း အမျိုးသမီးက ရဲကို ပြောသည်။

စောအယ်ဒိုဝါးက ''ကျနော် သိရသလောက်က သူတို့သွားနေတဲ့မြို့က ကရင်လူမျိုးတွေ မရှိဘူး။ များသောအားဖြင့် နိုင်ငံခြားသားတွေနဲ့ လူမည်းတွေပဲ များတယ်လို့ ကနေဒါက သူယယ်ချင်းတွေက ပြောပြတယ်။ နောက်ပြီး သူတို့က ကျန်တဲ့ ကရင်လူမျိုးတွေနဲ့လည်း အဆက်အသွယ်မလုပ်တော့ အလှမ်းဝေးတာပေါ့။''ဟု ဆိုသည်။

ယင်းသို့ ဖြစ်ပွားမှုအပေါ် မဲဆောက်မြို့ရှိ စောနေကော်မူး၏ ညီအစ်ကို တဝမ်းကွဲတော်သူက ''သူတို့မိသားစု ဒီလိုလုပ်ကြံခံရတယ်ကြားတော့ ကျနော်လည်း စိတ်မကောင်းဖြစ်တာ အမှန်ပဲ။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့က နိုင်ငံခြားရောက်နေပေမဲ့ ဒီဘက်မှာ ကျန်ခဲ့တဲ့ မိသားစုကို တတ်နိုင်သလောက် ပြန်ပြီးကူညီတယ်လေ။ ဒီလိုဖြစ်တာ ဆွေမျိုးတစ်ယောက်အနေနဲ့ တကယ်စိတ်မကောင်းဘူး။ ဝမ်းနည်းမိတာအမှန်ပဲ။''ဟု ပြောသည်။

ယခုအချိန်တွင် သေဆုံးသူများ၏ အလောင်းများကို REGINA မြို့မှ ရဲများက စုံစမ်းစစ်ဆေးနေဆဲဖြစ်ပြီး မနက်ဖြန်တွင် ကနေဒါရောက် ကရင်လူမှုအသိုင်းအဝိုင်းထံ အပ်နှံကာ ၎င်းတို့အတွက် ဝတ်ပြုဆုတောင်းကာ သင်္ဂြိုလ်သွားမည်ဟု သိရသည်။ ❑

# မျှစ်ချိုးရင်း မိုင်းထိ၍ ပြည်သူများ ဒုက္ခတွေ့

**ဩဂုတ်လ ၁၆ရက်။ (ကေအိုင်စီ)**

မြဝတီမြို့၊ မေတ္တာလင်းမြိုင်ရပ်ကွက်မှ အရပ်သားအချို့သည် ယခုရက်ပိုင်းအတွင်း မျှစ်ချိုးသွားရာ၌ မိုင်းနင်းမိပြီး ခြေထောက်များ ဖြတ်တောက်လိုက်ရသည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်ဟု ကေအိုင်စီက စုံစမ်းသိရှိရသည်။

ထိုကိစ္စနှင့်ပတ်သက်၍ မြဝတီမြို့ခံတစ်ဦးက ''ဒီရက်ပိုင်းမှာ မေတ္တာလင်းမြိုင်ရပ်ကွက်ကလူတွေ မျှစ်သွားချိုးရင်း မိုင်းနင်းမိကြတာ အတော်များတယ်။ ဒီနေ့မနက် ၁၀နာရီခွဲမှာလည်းပဲ အမျိုးသမီးငယ်တစ်ယောက် မျှစ်ချိုးရင်း မိုင်းထိပြန်ပြီ။ မဝေဝေလွင် ၁၄နှစ်တဲ့။ ဘယ်ဖက်ဘူးအောက်က ပြတ်ထွက်သွားတယ်''ဟု ယမန်နေ့က ကေအိုင်စီကို ပြောသည်။

ဂင်းရပ်ကွက်တွင် လက်လုပ်လက်စားနှင့် နေ့စားလုပ်ကိုင်သည့် သာမန်ပြည်သူသာ အများစုနေထိုင်ကြပြီး ယခုလို မိုးရာသီ မျှစ်ထွက်သည့်အချိန်တွင်မျှစ်များသွားရောက်ချိုးယူကာ မြဝတီမြို့အတွင်း ပြန်လည်ရောင်းချကြသည်ဟုသိရသည်။

ပြီးခဲ့သည့် ၁၂ရက်နေ့ကလည်း အဆိုပါရပ်ကွက်မှ အသက် ၄၇နှစ်အရွယ် ဦးဝင်းမောင်ဆိုသူလည်း မျှစ်ချိုးသွားရင်း မိုင်းထိမှန်ကာ မြဝတီဆေးရုံတွင် ညာဖက်ခြေထောက် ဖြတ်ပစ်လိုက်ရသည်။ ၎င်း မိုင်းထိလူနာကိုမူ မြဝတီမြို့၊ ခရက ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက သွားရောက်တွေ့ဆုံကာ လက်ဆောင်ပစ္စည်းများပေးခဲ့ကြောင်း ဆေးရုံနှင့် နီးစပ်သူများက ပြောသည်။

''တစ်နေ့လုပ်မှ တစ်နေ့စားရသူတွေ အဲလို ဒုက္ခဖြစ်တာ အရမ်းဆိုးတယ်။ သူတို့မှာလည်း သွားချိုးလာတဲ့ မျှစ်တွေကို ပြုတ်ပြီး မြဝတီမြို့ဈေးထဲမှာ ပြန်ရောင်းရတာ။ ခုလို မိုင်းထိတော့ စိတ်မကောင်းဘူး''ဟု ကုန်သည်အမျိုးသမီးတစ်ဦးက ပြောသည်။

အရပ်သားများ နင်းမိသည့် အဆိုပါမိုင်းများမှာ မည်သူ့မိုင်းဗုံးဖြစ်သည်ကို မည့်သည့်အာဏာပိုင်ကမှ ဝေဖန်ပြောဆိုခြင်းမရှိဟု မြို့ခံများက ပြောသည်။ ယခုလဆန်းပိုင်းကလည်း မေတ္တာလင်းမြိုင်ရပ်ကွက်တွင် နေထိုင်သူတစ်ဦး အလားတူ မျှစ်ချိုးရင်း မိုင်းနင်းမိကာ ခြေနှစ်ဖက်စလုံး ဖြတ်တောက်ခဲ့ရသည်။

မြန်မာစစ်အစိုးရသည် မြဝတီ–မဲဆောက်သွားလာသည့် ချစ်ကြည်ရေးတံတားနှင့် တရားမဝင်ဂိတ်များကို ယခင်လ ၁၈ရက်နေ့ကတည်းက ယခုအချိန်ထိ ပိတ်ပင်ထားလျှက်ရှိသဖြင့် ကုန်သည်များ အပါအဝင် လက်လုပ်လက်စား အရပ်သားများမှာ စားဝတ်နေရေး ခက်ခဲကြပ်တည်းလျှက်ရှိသည်။ ❑

# ထိုင်းနိုင်ငံရှိ မြိုင်ကြီးဂူဆရာတော် မွေးနေ့ ပရိသတ် ၂,၀၀၀ကျော် လာရောက်

**သြဂုတ်လ ၁၃ရက်။**
**နော်ဖြူ(ဖြူသင်း (ကေအိုင်စီ)**

မြိုင်ကြီးဂူဆရာတော် ဦးသုဇန၏ သက်တော် (၆၃)ပြည့် မွေးနေ့မင်္ဂလာပွဲကို ထိုင်းနိုင်ငံ၊ ဖတ်ထယာခရိုင် ချန်ပူရီမြို့နယ်ရှိ စူခါ၀တီအိမ်တော်ရာတွင် ယမန်နေ့က ထပ်မံပြုလုပ်ခဲ့ရာ ကရင်ရွှေ့ပြောင်းအလုပ်သမား လူပရိသတ်ပေါင်း ၂,၀၀၀ကျော် လာရောက်ခဲ့ကြသည်ဟု သိရသည်။

ဆရာတော်သည် ဇူလိုင်လ (၂၉)ရက်နေ့တွင် ကျရောက်သည့် ၎င်း၏ မွေးနေ့ပွဲကို ကရင်ပြည်နယ်၊ ဖားအံမြို့နယ်ရှိ မြိုင်ကြီးဂူ အထူးဒေသတွင် ပြန်လည်ကျင်းပခဲ့ပြီး ဖြစ်သော်လည်း သူဌေး ဒေါက်တာ ပင်ညာချွတ်ထိ၀မ်းက ၎င်းမသွားရောက်နိုင်ခဲ့သည်ကို ထပ်မံပြုလုပ်ပေးသည့်အနေဖြင့် ကုန်ကျခံကာ ဆောင်ရွက်ပေးခြင်းဖြစ်သည်ဟု မွေးနေ့ပွဲ သွားရောက်ခဲ့သူ ဆရာတော်၏ ဒါယိကာတစ်ဦးက ကေအိုင်စီကို ယခုလို ပြောသည်။

"ဒီသူဌေးအနေနဲ့က မြန်မာပြည်မှာ ဆရာတော် မွေးနေ့ပွဲလုပ်တာကို မသွားနိုင်၊ မသွားအားခဲ့ဘူးလေ။ သူ့အနေနဲ့ ဆရာတော်ကို ကြည်ညိုတာလည်း ပါတယ်။ ပြီးတော့ ဆရာတော်မွေးနေ့ပွဲကို သီးသန့်လုပ်ပေးမယ်ဆိုပြီးတော့ ကတိပေးထားတယ်လေ။ ဒါကြောင့် အခုလို ဖတ်ထယာက သူ့ရဲ့ စူခါ၀တီအိမ်တော်ကြီးမှာ ကြီးကြီးကျယ်ကျယ် ထပ်ပြီးကျင်းပပေးသွားတာဖြစ်တယ်။ မနေ့ကလည်း ထိုင်းဘုရင်မိဘုရားရဲ့ မွေးနေ့လည်းဖြစ်တယ်လေ"ဟု ပြောတယ်။

ဆရာတော်၏ မွေးနေ့ပွဲ အစီအစဉ်ကို မနက် ၁၀နာရီမှ မွန်းလွဲ ၁နာရီထိ ကျင်းပပြုလုပ်ခဲ့ရာ ဆရာတော်၏ ဖိတ်ခေါ်မှုဖြင့် ကရင်ပြည်နယ်အတွင်းရှိ မြိုင်ကြီးဂူ ဘုန်းတော်ကြီးကျောင်းခွဲ (၁၂)ကျောင်းမှ ကရင်သံဃာတော် ၁၉ပါးနှင့် ထိုင်းသံဃာတော် (၉)ပါးတို့ ကြွရောက်လာခဲ့ကြသည့်အပြင် မြန်မာစစ်အစိုးရ၏ ကိုယ်စားလှယ်အချို့လည်း လာရောက်ခဲ့ကြသည်ဟု မွေးနေ့ပွဲတက်ရောက်ခဲ့သူ ကရင်အမျိုးသားတစ်ဦးက ပြောဆိုသည်။

"မြိုင်ကြီးဂူဆရာတော် မွေးနေ့ကို ဆရာတော်ရဲ့ ကျောင်းခွဲ ၁၂ကျောင်းက သံဃာ ၁၉ပါးနဲ့ ထိုင်းသံဃာ ၉ပါးလည်း ကြွရောက်လာတယ်လေ။ ထူးခြားတာက မြန်မာစစ်အစိုးရရဲ့ သံရုံးကိုယ်စားလှယ် (၂)ဦး၊ စစ်ဘက်ဆိုင်ရာ အရာရှိ ဦး၀င်းမောင်နှင့် ဇနီးဒေါ်မြင့်ခိုင်နှင့် ရွှေသံလွင်ကုမ္ပဏီမှ ကိုယ်စားလှယ် ၁ဦးတို့လည်း မွေးနေ့ပွဲကို လာရောက်ချီးမြှင့်ခဲ့သည်ဟု သိရသည်။

အစီအစဉ်အရ ဒေါက်တာ ပင်ညာချွတ်ထိ၀မ်းက ဘုရားမီးထွန်း၀တ်ပြုကာ ထိုင်းဘုရင် မိဖုရားကြီးအတွက် မွေးနေ့ဆုတောင်းပေးခြင်း၊ မွေးနေ့ရှင် ဆရာတော် ဦးသုဇနက ထပ်မံဆုတောင်းမေတ္တာပို့သကာ တရားတော်များ ဟောကြားခြင်းနှင့် လူထု ပရိတ်သတ်များမှ ဆရာတော်အား လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုပစ္စည်းများ ကပ်လှူခဲ့ကြောင်း သိရသည်။

"ဒီမွေးနေ့ပွဲကို လာတဲ့ ပရိတ်သတ်က အလှူငွေတွေ ကပ်တာအများကြီးပဲ။ ပြီးတော့ အဲ့ဒီနေ့ကလည်း အလုပ်နားရက်ဖြစ်တယ်၊ သွားဖို့ကိုလည်း သူဌေးက ခွင့်ပြုတယ်လေ။ ဒီနှစ်မှ တိုက်ဆိုင်ပြီး ကျန်းမာရေးအရ လာရောက်ဆေးကုသမှုခံယူနေရင်းနဲ့ တိုက်ဆိုင်သွားတယ်။ လာတဲ့ ပရိတ်သတ်တွေထဲမှာ သူဌေးရဲ့ တပည့်တွေဆို အယောက် ၅၀၀ လောက်ပါတယ်"ဟု ကေအိုင်စီကို ပြောသည်။

ထိုင်းနိုင်ငံ၊ ဖတ်ထယာဒေသတွင် မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်သောင်းကျော် သွားရောက်အလုပ်လုပ်ကိုင်ပြီး အများအားဖြင့် စက်ရုံ၊ အလုပ်ရုံနှင့် အိမ်အလုပ်များ လုပ်ကိုင်ကြသည်။

မြိုင်ကြီးဂူဆရာတော် ဦးသုဇနသည် အဆုတ်ရောဂါနှင့် အစာအိမ်ရောဂါ ဝေဒနာကြောင့် ဘန်ကောက်မြို့၊ စူကူ၀စ် (Sukuvit) လမ်းမကြီးရှိ ဘန်ရွန်ရဆေးရုံတွင် ပြီးခဲ့သည့် ဖေဖော်ဝါရီလ (၁၀)ရက်နေ့က ယခုအချိန်ထိ ဆေးကုသမှု ခံယူနေသည်မှာ ၆ လကျော်ပြီ ဖေဖော်ဝါရီလ (၁၀)ရက်နေ့က ယခုအချိန်ထိ ဆေးကုသမှု ခံယူနေသည်မှာ ၆ လကျော်ပြီဖြစ်သည်။

ဆရာတော် ဦးသုဇနသည် ကရင်ပြည်နယ်ရှိအင်အားအကြီးဆုံး အပစ်ရပ်အဖွဲ့ဖြစ်သည့် ဒီကေဘီအေ၏ နာယက ဆရာတော်ကြီးဖြစ်ပြီး နအဖ စစ်အစိုးရ၏ နယ်ခြားစောင့်တပ်အသွင်ပြောင်းခြင်းကို လက်မခံဟု နီးစပ်သူများက ပြောဆိုနေကြသလို ၂၀၀၉ခုနှစ်၊ အောက်တိုဘာလ ၁၅ရက်နေ့ကလည်း ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) ခေါင်းဆောင်အချို့နှင့် တွေ့ဆုံခဲ့သည်ဟုလည်း သတင်းများက ဖော်ပြကြသည်။ ❑

ထိုင်းနိုင်ငံရှိ မြိုင်ကြီးဂူဆရာတော် မွေးနေ့ပွဲ ကျင်းပပြုလုပ်

# နယ်စပ်ရှိ တရားမ၀င်ဂိတ်များမှ ကုန်ပစ္စည်းများကို ရှင်းလင်းထားရန် ညွှန်ကြားခံရ

**သြဂုတ်လ ၁၀ရက်။**
**စောသိန်းမြင့် (ကေအိုင်စီ)**

ထိုင်း–မြန်မာနယ်စပ် မြ၀တီမြို့ မြန်မာဘက်ခြမ်းရှိ တရားမ၀င်ဂိတ်များမှ ကုန်ပစ္စည်းများကို ယခုလ (၁၅)ရက်နေ့ နောက်ဆုံးထား၍ အကုန်ရှင်းလင်းထားရမည်ဖြစ်ကြောင်း သက်ဆိုင်ရာ မြ၀တီမြို့ရှိ စစ်အစိုးရ အာဏာပိုင်များက ဂိတ်တာ၀နံခံများကို ယနေ့ပြောဆိုလိုက်သည်ဟု သိရှိရသည်။

အမည်မဖော်လိုသူ ဂိတ်မှူးတစ်ဦးက "ဒီနေ့မြ၀တီမှာ စရဖ (စစ်ဖက်ရေးရာ လုံခြုံရေးတပ်ဖွဲ့)က ဂိတ်က တာ၀နံရှိသူတွေကို ဖရဖ ဂိတ်မှာ ခေါ်တွေ့တယ်။ ဂိတ်မှာ ကျန်နေသေးတဲ့ ကုန်ပစ္စည်းတွေကော၊ နောက်ထပ်၀င်လာမယ့် ကုန်ပစ္စည်းအသစ်တွေကိုပါ ရှင်းထားခိုင်းတယ်။ မရှင်းထားရင် နစက (နယ်စပ်ကုန်သွယ်ရေး)က အကုန်သိမ်းပစ်မယ်လို့ ပြောတယ်"ဟု ဆိုသည်။

ယင်းသို့ ခေါ်ယူတွေ့ဆုံရာတွင် ကုန်ပစ္စည်းရှင်းရေးကိစ္စများအ ပြင် နယ်စပ်ကုန်သွယ်ရေးက ၎င်းဂိတ်များကို ယခုလ ၁၅ရက်နေ့တွင် အပိုင်သိမ်းယူသွားမည်ဖြစ်ပြီး ဂိတ်တာ၀နံခံများအနေဖြင့်လည်း လက်နက်ကိုင်ဆောင်ခွင့် မရှိသည့်အပြင် မိမိတို့၏ အဖွဲ့အစည်း ယူနီဖောင်းကို ၀တ်ဆင်ခွင့်မရှိဘဲ အရပ်၀တ်ဖြင့်သာ ဂိတ်စောင့်ခိုင်းကြောင်းလည်း ၎င်းက ဆက်ပြောသည်။

"ဒီလိုဖြစ်မယ်ဆိုတာ သိထားပြီးသားပဲ။ ဒါကြောင့် ကျနော်တို့က ဒီ့မတိုင်ခင်က ဂိတ်စောင့်တိုင်း ယူနီဖောင်းကို အပြည့်၀တ်ထားတယ်။ နောက်ဆို မ၀တ်ရတော့ဘူးလေ"ဟု ဒီကေဘီအေ ဂိတ်မှူးတစ်ဦးက ပြောသည်။

တရားမ၀င်ဂိတ်မှ ကုန်ပစ္စည်းတင်သွင်းနေသည့် ကုန်သည်တစ်ဦးက "ပြောတာက ဒီလ ၁၅ရက်နေ့နောက်ဆုံး ပစ္စည်းတွေကို အကုန်ရှင်းခိုင်းတယ်ပေါ့နော်။ ကျမတို့ကလည်း ဒီတစ်ရက်နှစ်ရက် အတောအတွင်းမှာ အကုန်ရှင်းထုတ်ရမှာပေါ့။ မဟုတ်ရင် ဘယ်လောက်အထိ တင်းကြပ်လာမလဲတော့ ကျမတို့ မသိရသေးဘူးပေါ့နော်"ဟု ကေအိုင်စီကို ပြောသည်။

မြန်မာပြည်ဘက်ခြမ်းမှ နှစ်နိုင်ငံ ချစ်ကြည်ရေးတံတား၏ အထက်ပိုင်းနှင့် အောက်ပိုင်းတွင် ဒီကေဘီအေနှင့် ကရင်ပြည်မြန်ချမ်းရေး ကောင်စီစသည့် အပစ်ရပ်တပ်ဖွဲ့များမှ ဖွင့်လှစ်ထားသော တရားမ၀င် ဂိတ်ပေါင်း ၃၀နီးပါးရှိပြီး တံတားမပိတ်ခင် အချိန်ကပင် မြန်မာနိုင်ငံသို့ တင်သွင်းနေခဲ့သည့် ထိုင်းနိုင်ငံမှ ကုန်ပစ္စည်းအများစုမှာ ၎င်းဂိတ်များမှပင် ၀င်ရောက်နေခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဇူလိုင်လ ဆန်းပိုင်းမှ စတင်ကာ မြ၀တီခရိုင် အာဏာပိုင်များက အကြောင်းပြချက် တစုံတရာမပေးဘဲ ချစ်ကြည်ရေး တံတားကို အနည်းဆုံး ၄ကြိမ်ခန့် ဖွင့်လိုက်ပိတ်လိုက် ပြုလုပ်ခဲ့ပြီးနောက် ဇူလိုင်လ (၁၈)ရက်မှစ၍ မြန်မာစစ်အစိုးရဘက်မှ ယနေ့အချိန်ထိ တံတားကို ပိတ်ထားခဲ့သည်။

ထိုင်း–မြန်မာနယ်စပ် ကုန်သွယ်ရေးလမ်းကြောင်း တစ်လျှောက်တွင် ကုန်စည်စီးဆင်းမှု အများဆုံးဖြစ်သည့် မဲဆောက်–မြ၀တီ ကုန်သွယ်ရေးလမ်းကြောမှတဆင့် မြန်မာဘက်သို့ လစဉ် လူသုံးကုန်၊ စားသုံးကုန်ပစ္စည်း ဘတ်သန်း လေးထောင်ခန့် တရားဝင် တင်ပို့လျက်ရှိသည်ဟု နယ်စပ်ကုန်သည်ကြီးများ၏ ပြောဆိုချက်များအရ သိရသည်။

# ဘန်ကောက်မြို့ ဘုရင့်ပန်းခြံတွင် မြန်မာပြည်သားအချင်းချင်း ဓါးထိုးမှုဖြစ်ပွား

**သြဂုတ်လ ၁၃ရက်။**
**နန်းထူးစံ (ကေအိုင်စီ)**

ထိုင်းဘုရင် မိဖုရား၏ မွေးနေ့ဖြစ်သည့် ယမန်နေ့ သြဂုတ်လ ၁၂ရက်နေ့က ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ တမရွန်ရော့ကောက် ဘုရင့်ပန်းခြံတွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများ အချင်းချင်း ခိုက်ရန်ဖြစ်ပွားရာမှ ဓါးထိုးမှုဖြစ်ကာ လူငယ်တဦး ဒဏ်ရာအပြင်းအထန် ရရှိခဲ့ပြီး ခွဲစိပ်ကုသမှု ခံယူနေရကြောင်း နီးစပ်ရာ ဆွေမျိုးများ၏ ပြောပြချက်အရ သိရသည်။

ထိုင်းနိုင်ငံရှိ အလုပ်ရုံ၊ စက်ရုံများပိတ်ပြီး အလုပ်သမားများကို လွှတ်လပ်စွာ နားခွင့်ပေးသည့် ယမန်နေ့ မနက်ပိုင်း ၁၀နာရီကျော်ခန့်အချိန်တွင် တမရွန်ရော့ကောက် ဘုရင့်ပန်းခြံသို့ အလည်အပတ်သွားသည့် ကရင်လူငယ်နှစ်စုက အချင်းများကြရာမှ လူငယ်တစ်ဦး ဓါးထိုးခံရကာ ဝမ်းဗိုက်တွင် ဒဏ်ရာအပြင်းအထန် ရရှိပြီး ဘန်ကောက်မြို့ရှိ စမိုပရကန်ဆေးရုံတွင် ခွဲစိပ်ကုသမှု ခံယူနေရခြင်းဖြစ်သည်ဟု ထိုလူငယ်၏ အဘွားက ပြောသည်။

သူမက "မနေ့က နားရှက်လေ။ ကျမ မြေးလေးက သူငယ်ချင်းတွေနဲ့ ဘုရင့်ပန်းခြံမှာ သွားလည်မယ်လို့ သူ့အမေဆီမှာ ခွင့်တောင်းပြီးတော့ သွားတာ။ ဓါးထိုးမှုဖြစ်ပြီး ဆေးရုံရောက်မှ သူ့သူငယ်ချင်းတွေက သူ့အမေဆီ ဖုန်းဆက်လာမှ သိရတာ။ ဆရာ၀နှင့်တွေက ခွဲစိပ်ရမယ်လို့ ပြောတယ်။ အခု ခွဲစိပ်ပြီးပြီ ဆေးရုံမှာပဲ သူ့အမေနဲ့ စိုးရိမ်စရာမရှိတော့ဘူးလို့ ပြောပေမဲ့ လူက ဖြူဖတ်ဖြူရော် ဖြစ်သွားတာပဲ"ဟု ပြောသည်။

ဓါးထိုးမှုဖြစ်စဉ်နှင့်ပတ်သက်၍ သူမက ယခုလို ပြန်လည်ပြောပြသည်။ "မြေးလေးက သူ့သူငယ်ချင်း လေးငါးယောက်နဲ့ ပန်းခြံထဲလိုက်လည်ရင်း သူ့သူငယ်ချင်းတယောက်က အရက်နံ့ရတယ်လို့ ပြောမိတယ်။ ဖြတ်လျှောက်လာတဲ့ ဟိုလူငယ်တဖွဲ့က အရက်မူးနေတော့ မကျေနပ်ဘူး။ အဲဒီမှာစပြီး စကားများကြတာ၊ ထိုးမယ်၊ ဘာညာပေါ့။ မြေးလေးက ကြားမှာ သွားပြီးတော့ သူငယ်ချင်းတို့ ဒီလိုမလုပ်ကြနဲ့ သွားပြောတာ။ ဟိုဖက်က လူငယ်တယောက်က ဓါးမြှောင်ထုတ်ပြီး သူ့ကို ထိုးတာပဲတဲ့။ ဝမ်းဗိုက်မှာ ဓါးဒဏ်ရာတချက် ထိသွားတယ်။ အဲဒီလူငယ်တစုက ဒုံရင်းနယ်ကပဲတဲ့"ဟု ပြောဆိုသည်။

ဓါးထိုးမှု ကျူးလွန်သည့် လူငယ်တစ်စုသည် အခင်းဖြစ်ပြီးပြီးချင်း ထွက်ပြေးသွားသည့်အတွက် ပန်းခြံအတွင်း ထိုင်းရဲများ လာရောက်စစ်ဆေးချိန်တွင် ထိုလူငယ်များကို ဖမ်းဆီးနိုင်ခြင်းမရှိဘဲ လွန်မြောက်သွားခဲ့သည်ဟု သိရသည်။

ဓါးထိုးခံရသည့် အသက် ၁၈နှစ်အရွယ်ရှိ စောအောင်မင်းဦးသည် ကရင်ပြည်နယ်လှိုင်းဘွဲ့မြို့နယ်တွင် နေထိုင်ပြီးပြီးခဲ့သည့်နှစ်က ဘန်ကောက်မြို့တွင် မိခင်ဖြစ်သူနှင့်အတူ အလုပ်လုပ်ရန် ရောက်ရှိလာသူဖြစ်သော်လည်းအလုပ်လုပ်ကိုင်ခွင့်လက်မှတ်ကိုင်ဆောင်ထားသူ ဖြစ်သည်။

ထိုင်းနိုင်ငံအတွင်း ရောက်ရှိအလုပ်လုပ်သည့် လူငယ်များသည် မိဘအုပ်ထိန်းသူများနှင့် ဝေးကွာလာသည့်အတွက် သွန်သင်ဆုံးမမှု ကင်းမဲ့ကာ အကျင့်စာရိတ္တ ပျက်ပြားကြပြီး ယခုလို ရာဇ၀တ်မှုများ ကျူးလွန်လေ့ရှိသည်ဟု ဘန်ကောက်အခြေစိုက် အဝေးရောက်ကရင်လူမှုကူညီရေးအဖွဲ့ OKRSO မှ စဆိန့်ပလောင်က သုံးသပ်ပြောဆိုသည်။ ❑

# သေနတ်သံတွေ ကြားပါစ (၃)

M. ထက်ခေါင်

(၉)

ကျွန် ဘဝတွင် မည်သူမျှ မနေလိုကြ။ သို့ရာတွင် စစ်အုပ်စု၏ ဖိနှိပ်ချုပ်ကိုင်စော်ကားမှုများကို တနေ့တခြား ဆိုးဝါးစွာ ကြုံတွေ့လာရသော ပြည်သူ အများအပြားမှာ တခေတ်တခါက ဗမာပြည်ကို ကျွန်ပြုအုပ်စိုးသွားကြသည့် နယ်ချဲ့တို့ လက်အောက်မှာပင် ပြန်လည်နေထိုင်လိုစိတ်များ ပေါ်လာကြောင်း ကြားသိရသည်။ ဗမာပြည်သားချင်း အညာတာကင်းစွာ လုယက်သတ်ဖြတ် အုပ်ချုပ်နေသော စစ်ဘေးပြအုပ်စုလက်အောက် စစ်ကျွန်ဘဝတွင် နေရသည်ထက် နယ်ချဲ့လက်အောက် သူ့ကျွန်ဘဝကို လိုလိုလားလား တောင့်တမျှော်လင့်နေကြသူတွေလည်း အတော်ပင်ရှိနေသည်။

ဤသဘောထားမှာ တတိုင်းပြည်လုံး ချွတ်ခြုံကျသည့်တိုင် အဓမ္မချုပ်ကိုင် ချယ်လှယ်စိုးမိုးနေသော စစ်အုပ်စုကို လက်မခံချင်စိတ်ဆန့်ကျင်လို စိတ်များရှိနေသော်လည်း စစ်အုပ်စုနှင့် နှိုင်းစာလျှင် နယ်ချဲ့ကျွန်ဖြစ်လိုက်တာကမှ ကောင်းသေးသည်ဟူသော အတွေးဖြင့် နယ်ချဲ့ကျွန်ဘဝကို တောင့်တခြင်းသာ ဖြစ်သောကြောင့် ကြိုဆိုထိုက်သည့် သဘောထားတော့ မဟုတ်။ စစ်အုပ်စုအား တကယ်တမ်းဆန့်ကျင်လိုစိတ်ရှိသူများအနေဖြင့် စိတ်ချယုံကြည်ရသော တော်လှန်ရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ကာ စစ်အုပ်စုတဖွဲ့လုံး ပြုတ်ကျသွားစေရန် ကဏ္ဍအသီးသီးမှ တက်ညီလက်ညီ ထိရောက်စွာ အားဖြည့်ပူးပေါင်း တိုက်ပွဲဝင်လိုက်ကြရမည်ဖြစ်သည်။

ကာလကြာမြင့်စွာကပင် တိုင်းရင်းသား ပြည်သူလူထုတရပ်လုံး လိုလားတောင့်တနေခဲ့ကြသည်မှာ စီးပွားရေး၊ ကျန်းမာရေး ပညာရေး၊ ယဉ်ကျေးမှုနှင့် လူမှုအခွင့်အရေး ကိစ္စအဝဝတွင် တန်းတူရည်တူသာ တူညီမျှမှု ရရှိရေးသာဖြစ်သည်။ ပြည်တွင်းစစ် ဖြစ်ပွားလာခဲ့ရသည့် ပြဿနာအရပ်ရပ်ကို ငြိမ်းချမ်းသည့်နည်းဖြင့် ဆွေးနွေးညှိနှိုင်း ဖြေရှင်းရန်မှာ လူသားချင်း စာနာထောက်ထားတတ်သူတိုင်း၏ တာဝန်ဖြစ်သည်။ တော်လှန်သော ခေါင်းဆောင်အများအပြားပင် ငြိမ်းချမ်းစွာ အဖြေရှာရေး ကိစ္စကို နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ကြပြီး ယခုထိတိုင်လည်း ကိုင်စွဲထားဆဲ ရှိသေးသည်။

သင်ပုန်းချေရေး၊ ရင်ကြားစေ့ရေး၊ အမျိုးသားချင်း ပြန်လည်သင့်မြတ်ချစ်ကြည် မျှတပြေလည်စေရေးဆိုသည့် စကားလုံးများနှင့် သဘောထား အတွေးအခေါ်များမှာ အလွန်ပင် မြတ်နိုးလေးစား တန်ဖိုးထားဖွယ် ဝေါဟာရများဖြစ်သည်။ သို့ရာတွင် ဆွေးနွေးပွဲများကို တဖက်သတ် ဖျက်သိမ်းခြင်းဖြင့်လည်းကောင်း၊ လက်နက်ချခိုင်းခြင်းဖြင့်လည်းကောင်း၊ ဗမာပြည်တပြည်လုံး ကျွန်ပြုချုပ်ကိုင် စော်ကားလိုသော စစ်အုပ်စုအတွက်မှာမူ ထိုဝေါဟာရများမှာ ပြက်ရယ်ပြုစရာ အပေါစားစကားလုံးများသာဖြစ်နေ၏။ အမျိုးသားချင်း တန်းတူညီမျှရေးကိစ္စအပေါ် ငြိမ်းချမ်းစွာ မဖြေရှင်းလိုဘဲ အာဏာကို အလွဲသုံးစားလုပ်လျက် စစ်တပ်အားကိုး လက်ဝါးကြီးအုပ်လိုသော ဖက်ဆစ်ဝါဒီ စစ်အုပ်စုအား ၎င်းတို့လိုလားသည့် လက်နက်ကိုင်နည်းလမ်းဖြင့် တုံ့ပြန်ခြင်းလောက် မှန်ကန်မြတ်တရားသော လုပ်ရပ်မရှိ။

(၁၀)

ယခုလများအတွင်း ပေါ်ထွက်လာသော သေနတ်သံများမှာ နဝတ၏ ၂၀၁၀ ရွေးကောက်ပွဲအစီအစဉ်နှင့် တိုက်ရိုက်ဆက်စပ် ပတ်သက်နေသည်။ ၂၀၀၈ဖွဲ့စည်းအုပ်ချုပ်ပုံကို အဓမ္မအတည်ပြုကာ ၂၀၁၀ရွေးကောက်ပွဲဖြင့် တရားဝင်လမ်းကြောင်းပေါ် ခုနှစ်တက်ရန်မလိမ့်တပတ် ကြိုးစားလာသော စစ်အုပ်စုသည် ရွေးကောက်ပွဲမတိုင်မီ အပစ်ရပ်တိုင်းရင်းသားအဖွဲ့အစည်းများကို အင်အားချိန့် လျော့ပါးအောင် ဦးရေကန့်သတ်လျက် မိမိလက်အောက် နယ်ခြားစောင့်တပ်များအဖြစ် အသွင်ပြောင်းချုပ်ကိုင်ထားနိုင်ရေး လုပ်ဆောင်လာနေသည်။

နယ်ခြားစောင့်ဖြစ်စေ၊ ပြည်သူ့စစ်ဖြစ်စေ အသွင်ပြောင်းရန် လုံးဝလက်မခံနိုင်သော အဖွဲ့အစည်းများလည်းရှိသည်။ ၀၊ မိုင်းလား၊ ရှမ်း၊ မွန်တို့မှာ နဝတ၏ ဖိအားပေး ခြိမ်းခြောက်မှုကို အလေးမထားကြ။ မိမိတို့အပေါ် ကျူးကျော်ဖိနှိပ်လာပါက ပြန်လည်တိုက်ခိုက်ရန် ပြင်ဆင်ထားပြီး ဖြစ်နေသည်။ ဒီကေဘီအေတွင်မူ စစ်အုပ်စုထံမှ ပေးသမျှ ကျွေးသမျှ အရိုးအရင်း ဝါးနေရသော တပ်မှူးအချို့က လက်ခံကြသော်လည်း မျိုးချစ်စိတ်ရှိသော တပ်မှူးများက လက်မခံ။ စစ်အုပ်စု၏ ခြေဖဝါးအောက်သို့မဝင်၊ စစ်အုပ်စု၏ ထားရာနေ စေရာသွား ကျွေးတာစားခိုင်းတာလုပ်ရသည့်ဘဝသို့ အရောက်မခံ၊ အမျိုးသားရေး ဂုဏ်သိက္ခာကို အထိပါးမခံသည့် ဒီကေဘီအေ တပ်မှူးတပ်သားအချို့နှင့် ငြိမ်းချမ်းရေးကောင်စီမှ တပ်မှူးတပ်သားများအား လေးစားစွာ ထောက်ခံကြိုဆို ဝန်းရံပေးကြရမည်ဖြစ်သည်။ ယခုလများအတွင်း နယ်ခြားစောင့်အဖြစ်ကို လက်မခံလိုသော ဒီကေဘီအေ တပ်မှူးတပ်သားအချို့ကေအဲန်ယူအဖွဲ့အစည်းသို့ ပြောင်းလဲ ခိုဝင်ရောက်ရှိလာကြသည့် သတင်းများကိုလည်း ဝမ်းမြောက်ဖွယ်ရာ ကြားသိကြရသည်။

ကျားမြီးကို ဆွဲလိုက်ပြီဆိုလျှင် ထိုကျားမသေဘဲ လွှတ်ရန် အကြောင်းမရှိ။ ချော့ပြော ခြောက်ပြောတာတွေကိုလည်း မှုနေစရာ မလို။ အည့်မခံ အလံမလွဲသော မိမိတို့ ယုံကြည်ချက်အပေါ်မှာ ခိုင်မာစွာ ရပ်တည်လျက် အမျိုးသားထု၏ အန္တရာယ်ကို ဖယ်ရှားရှင်းလင်းနိုင်ဖို့ လိုသည်။ ပြည်သူသည် အမှန်တရားဘက်၌ ရှိနေမည်ဆိုသည်ကိုမူ ယုံမှားသံသယဖြစ်ဖွယ်မရှိ။

စစ်အုပ်စုသည် ၎င်းတို့ လုပ်နည်းလုပ်ဟန်အတိုင်း နယ်ခြားစောင့်အဖြစ်ကို လက်ခံအသွင်ပြောင်းလိုက်သည့် ဒီကေဘီအေတပ်များကို တွန်းအားပေးခိုင်းစေလျက် သဘောထားအယူအဆ မတူကြသူ ကရင်ကရင်ချင်းကို ပြန်လည်တိုက်ခိုက် သွေးချောင်းစီးစေလိမ့်ဦးမည်။ ကချင်၊ ၀၊ မိုင်းလား စသည့် တိုင်းရင်းသားတို့ နယ်မြေများသို့လည်းချင်းတပ်လို၊ ရခိုင်တပ်လို လက်အောက်ခံတပ်များ စေလွှတ်၍ အိမ်ကြက်ချင်း အိုးမဲသုတ် ခွပ်ခိုင်းသည့် နှယ် တိုင်းရင်းသားချင်း ပြန်လည်တိုက်ခိုက်ရေး စီစဉ်ပေလိမ့်ဦးမည်။

(၁၁)

မြို့နေလူထုသည် ၈၈ ခုနှစ်နောက်ပိုင်း နှစ်များမှစ၍ ရှေ့တန်းပြန် စစ်ကားတန်းကြီးများပေါ် ခေါင်းခြေကိုယ်လက် ပတ်တီးများ ဗလပွန့်နှင့် မျက်လုံးကြောင်တောင် ဟိုင်းဒီးဒီး ပါလာသည့် စစ်သားများကို တွေ့ရတိုင်း သနားကြင်နာစိတ်မဝင်ဘဲ ကြိတ်၍ ဝမ်းသာပီတိ ဖြစ်လာခဲ့ကြသည်။ အာဏာရှင်တို့ အကြိုက် လူထုအပေါ် စေတနာဆိုးယုတ်တတ်သူများအတွက် လူထုသည် မေတ္တာတေး သီကြွေး ကြိုဆိုနိုင်လိမ့်မည် မဟုတ်ချေ။ လူထု၏ ပစ်ပယ် ဖဲကြဉ်မှုကို တကယ်တမ်းခံစားဖူးကြသော စစ်ဗိုလ်စစ်သားများသာ လျှင် ၎င်းတို့၏ လူရာမဝင်တော့သည့်အဖြစ်ကို ကြေကွဲစွာ သိရှိနိုင်ကြမည်ဖြစ်သည်။

စစ်အုပ်စုသည် ၎င်းတို့ ခိုင်းစေနေသည့် အရာရှိအရာခံ အကြပ်တပ်သားများအပေါ်တွင်ပင် ငဲ့ညှာထောက်ထားမှုမရှိ။ လစာငွေများ တိုးပေးသည်ဆိုသော်လည်း တပ်တွင်းမှာပင် ဘာကြေးညာကြေး ဖြတ်တောက်သည်နှင့် ဘာမျှမကျန်တော့။ လစာငွေထဲမှ မစုမနေရ ငွေများ စုဆောင်းခိုင်းပြီး ထိုငွေတွေကို ပြန်လည်ထုတ်ယူခွင့် မရသောကြောင့် မကျေမနပ်ဖြစ်မှုများလည်း ပေါ်ပေါက်နေသည်။ စားဝတ်နေရေး ကြပ်တည်းမှုနှင့် အထွေထွေ လူမှုရေးကိစ္စဖိစီးမှုများကြောင့် တပ်တွင်းမှ လူများမှာ တိုင်းပြည်လူထု၏ မုန်းတီးငြိုငြင်မှုကိုခံပြီး စစ်အုပ်စုအကြိုက် အသက်စွန့်၍ ဆက်လက်တာဝန်ထမ်းဆောင်ရန် ဆန္ဒမရှိကြတော့ချေ။ ထို့ကြောင့်ပင် တပ်ရင်းလိုက်နှုတ်ထွက်စာတင်မှုများ၊ ထွက်ပြေးမှုများ ပေါ်ပေါက်လာခြင်းဖြစ်သည်။ စစ်အုပ်စု၏ တပ်တွင်း၌ ဆက်လက်နေပျော်ကြမည့်သူများမှာ စစ်အုပ်စုကျွေးသမျှ အရိုးအရင်းဝါးကာ၊ လူထုအပေါ် အနိုင်ကျင့် နှိပ်စက်တတ်သောသူများသာ ဖြစ်ပေလိမ့်မည်။

တော်လှန်ရေးနယ်မြေနှင့် နီးသော မြို့နယ်ကျေးရွာများတွင် လူထုသည် ရန်သူကို အလွန်ပင် မုန်းတီးနေ၏။ ရန်သူအပေါ် နာကျည်းမုန်းတီးနေသည့်အလျောက် ရန်သူ တိုက်ခိုက်သူများကို လေးစားကြ၏။ ရန်သူကို များများတိုက်နိုင်လေ၊ လူထုထောက်ခံမှုကို ပိုရလေပင်ဖြစ်သည်။ လူထုသည် ယခင်ကလို ၎င်းတို့ ရွာများအနီး တိုက်ပွဲဖြစ်မည်ကို ပူပန်စိုးရိမ်မှု မရှိတော့။ ၎င်းတို့ရွာများ ထိခိုက်ပျက်စီးမှာတွေ ဆုံးရှုံးနစ်နာမှာတွေကိုလည်း ထည့်မတွက်ကြတော့။ ရန်သူကို အထိနာအောင် တိုက်ခိုက်လျှင်ပင် ကျေနပ်တတ်ကြပြီဖြစ်သည်။ တကယ်တော့ ၎င်းတို့ရွာများကို ထိခိုက်ပျက်စီးအောင် မညှာမတာ တိုက်ခိုက်တတ်သူများမှာ ရန်သူတွေသာ ဖြစ်ကြောင်းလည်း နှစ်ပေါင်းများစွာ ကြုံလာခဲ့ရသော အတွေ့အကြုံများအရ လူထုက သိရှိထားခဲ့ပြီဖြစ်၏။

ရန်သူထိုးစစ်ဆင်လာတော့မည့် သတင်းရလျှင် ရွာသူရွာသားတွေ ကြိုတင်တိမ်းရှောင်ကြရသည်။ ရန်သူကလည်း ချက်ချင်းမဝင်၊ လက်နက်ကြီးများဖြင့် ရွာကို အချက်ပေါင်းများစွာ လှမ်းထုပြီး ဘယ်သူမျှမရှိတော့ကြောင်း သေချာမှ တက်လာရဲကြသည်။ ရွာထဲရောက်လျှင် လိုချင်ရာရာတွေ ယူငင်သိမ်းဆည်းကာ ရွာက စာသင်ကျောင်း ဘာသာရေးအဆောက်အဦနှင့် ရေတွင်းရေကန်တို့ကို ဖျက်ဆီးပစ်ကြသည်။ ရွာထဲမှာတော့ ကြာရှည်မနေရဲ။ ရွာသို့ပြန်လာသော လူသူကျွဲ၊ နွားများ ခြေပြတ်လက်ပြတ် သေကြေကြစေရန် ရွာတွင်းရွာပြင်အနှံ့ မိုင်းများလိုက်ထောင်ပြီးမှ ထွက်သွားတတ်ကြသည်။ အရှက်သိက္ခာကိုယ်ကျင့်တရားကင်းမဲ့သော ရန်သူသည် မဟုတ်မတရားသော အလုပ်ကို လုပ်မည်သာဖြစ်သည်။

လက်နက်ရှိသူချင်း ထိပ်တိုက်မတွေ့ဆုံဘဲ လက်နက်မဲ့ လူထုကို ဦးတည်တိုက်ခိုက်တတ်သည့် လုပ်ရပ်မှာ အချို့သော ပြည်ပနိုင်ငံများရှိ အကြမ်းဖက်သမား သူပုန်အဖွဲ့အစည်းများ၏ လုပ်ရပ်သာ ဖြစ်သည်။ သဘောထားပြည့်ဝသော အစိုးရတရပ်၏ လုပ်ရပ်မဟုတ်ဘဲ ရှုံးနိမ့်သူတို့၏ သွေးရူးသွေးတန်းလုပ်ရပ်ဖြစ်လေသည်။

ရွာအနီး တိုက်ပွဲတပွဲဖြစ်လျှင် ရန်သူက ၎င်းတို့ နစ်နာဆုံးရှုံးမှုများအတွက် ရွာလူထုကိုမဲကြသည်။ သူပုန်နှင့် အဆက်အသွယ်ရှိသည်ဟု စွပ်စွဲ၊ သူပုန် လာတိုက်မည့်ကိစ္စ မိမိတို့ကို အသိအပေးရကောင်းလားဟု ပြစ်တင်ကြိမ်းမောင်း၊ မသက်ဘသူများဟု ခေါင်းစဉ်တပ်လျက် ခေါ်ယူစစ်ဆေး၊ နှိပ်စက်၊ စကားအပြောအဆိုမတတ်လျှင် သတ်ဖြတ်၊ သေဆုံးသွားသည့် ၎င်းတို့ဘက်သား တပ်မှူးတပ်သားများအတွက် အသက်ဖိုး တောင်း၊ ဆုံးရှုံးသွားသည့် လက်နက်ဖိုး၊ စက်ဖိုး၊ ကျည်ဆံဖိုးများကို ရွာက စိုက်လျော်ပေးခိုင်း၊ တံတားများ မိုင်းကွဲပျက်စီးလျှင် ရွာကပြန်လည် မတည်စိုက်ထုတ်ကာ ပြုပြင်ဆောက်လုပ်ခိုင်း စသည့် ဒုက္ခပေးမှုများကို နှစ်ပေါင်းများစွာ ကြုံလာခဲ့ရသည့် လူထုသည် ရန်သူကို အရှုံးကြီးရှုံးလျက်ရှိပြီး ရန်သူအား နလံမထူနိုင်အောင် နှိပ်ကွပ်မည့် မည်သည့်တပ်မှူးတပ်သားကိုမဆို လေးစားစွာ အားထားကြိုဆိုနေကြပြီ ဖြစ်လေသည်။ စစ်သား၏ ဂုဏ်သိက္ခာသည် တိုက်ပွဲအဆုံးအဖြတ်မှနေ၍သာ ထွက်ပေါ်လာခြင်းဖြစ်သည်။ ရန်သူနှင့် တွေ့တိုင်း အောင်ပွဲအလီလီရအောင်ယူနိုင်သော စစ်သားလောက် ဂုဏ်သိက္ခာ မြင့်မားသောသူ မရှိ။

(၁၂)

စစ်အုပ်စု ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲကို လက်ခံကာ အမတ်နေရာ ရနိုင်သလောက်ရအောင်ယူလျက် အတွင်းက ပူးသတ်ပြီး စစ်အုပ်စု၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို တဖြည်းဖြည်း ပြင်ယူမည်ဆိုသော ပုဂ္ဂိုလ်တို့ ရွေးကောက်ပွဲမဝင်မီကပင် အခက်အခဲမျိုးစုံကြုံကြရပြီး အချို့က ရွေးကောက်ပွဲကို ကျော်ခိုင်းလိုက်ကြကြောင်း ကြားရသည်။

ရွေးကောက်ပွဲကို ဆန့်ကျင်သပိတ်မှောက်မည့်သူများ၊ ရွေးကောက်ပွဲ ဖျက်သိမ်းရေး ကြိုးပမ်းသူများ၊ ရွေးကောက်ပွဲလွန်ကာလအတွက် ပြင်ဆင်သူများ၊ စစ်အုပ်စုကို ဆန့်ကျင်သော စင်ပြိုင်အစိုးရအဖွဲ့ဖွဲ့မည့်အစီအစဉ်များ စသဖြင့် ပြည်တွင်းပြည်ပလှုပ်ရှားမှုများ ရှိနေသည်။ လူထုအတွက် အလုပ်မဖြစ်သော အဝေးရောက် ညွှန့်ပေါင်းအစိုးရနှင့် နိုင်းယှဉ်ကာ စစ်ပြိုင်အစိုးရဖွဲ့ရေးမှာ နောက်ကျသွားပြီဖြစ်ကြောင်း ပြောဆိုသူရှိသလို စင်ပြိုင်အစိုးရဖွဲ့မည့် အစီအစဉ်မှာ စောလွန်းသေးသည်ဟု ဆိုသူတွေလည်း ရှိနေသည်။

တကယ်တော့ စစ်အုပ်စု၏ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၂၀၁၀ ရွေးကောက်ပွဲတို့ကို သပိတ်မှောက် ဆန့်ကျင်နေရုံမျှဖြင့် မပြီး။ မဲမပေးဘဲ နေရုံဖြင့်လည်း အရှက်ကင်းမဲ့စွာ ပြောင်လမ်းပြောင်စားလုပ်တတ်သည့် စစ်အုပ်စုကို မည်သို့မျှ ထိခိုက်စေနိုင်လိမ့်မည် မဟုတ်။ ၂၀၀၈၊ ၂၀၁၀ တို့မှာ စစ်အုပ်စု၏ ဖန်တီးမှုလက်ရာများသာ ဖြစ်သည်။ ထိုလက်ရာတွေကို ဦးတည်ချေဖျက်လိုက်သည့်တိုင် စစ်အုပ်စုက နောက်ထပ်လက်ရာသစ်များ ထပ်ဆင့်ဖန်တီးနိုင်သေးသည်။ ဗမာတပြည်လုံး ကျွန်ဇာတ်သွင်းရေး ပြဿနာအထွေထွေကို ဖန်တီးနေသည့် စစ်အုပ်စုအား တိုက်ရိုက်ဆန့်ကျင်တိုက်ခိုက် ရှင်းလင်းခြင်းသည်သာ ပြီးပြတ်ပြေလည်မည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိစေမည် ဖြစ်လေသည်။

ရန်သူသည် တော်လှန်ရေးအဖွဲ့အစည်းများအား ဖဲ့ထုတ်စည်းရုံးခြင်းများ၊ သပ်လျှိုသွေးခွဲခြင်းများဖြင့် အချင်းချင်းအကြား မညီမညွတ် ဖြစ်စေခဲ့သည်။ လူထုအတွင်းမှာပင် တဦးပေါ်တဦး ယုံကြည်စိတ်ချမှုမရှိနိုင်အောင် စီစဉ်ထား၏။ သို့ရာတွင် ထိုအနေအထားကို ရန်သူသည် အမြဲတစေ ထိန်းမထားနိုင်။ ကြံ့ဖွံ့လို စွမ်းအားရှင်လို အဖွဲ့များမှာပင် ရန်သူ့လုပ်ရပ်များအပေါ် သိမြင်သဘောပေါက်လာကြသူတွေ အများအပြား ရှိလာသည်။

လက်ရှိအခြေအနေတွင် ရန်သူ့တပ်မှူးတပ်သား အတော်များများမှာလည်း အတော်ပင် စိတ်ဓာတ်ကျနေ၏။ တပ်ထဲမှ ထွက်ပြေးသူများ၊ တော်လှန်ရေးအဖွဲ့အစည်းများသို့ လာရောက်ပူးပေါင်းသူများ၊ မိမိတို့ နှုတ်ထွက်ခွင့်ရရေး တပ်သားသစ်များ ဖြားယောင်းကောက်ခံဝယ်ယူသူများ၊ စသဖြင့် စစ်အုပ်စု၏ တပ်နှင့် မပတ်သက်ချင်သူများ ရှိလာသလို၊ တပ်မှူးတပ်သားများအပါအဝင် တပ်ရင်းလိုက် နှုတ်ထွက်စာတင်သည့်အဖြစ်များလည်း ရှိလာသည်။

ရန်သူက သေနတ်ကိုင်ပြီး မိမိတို့ဘက်က တုတ်များ ဓားများသာ ကိုင်ဆောင်ရသည်ကို မမျှတုထင်ပြီး စိုးရွံ့တတ်သူတို့အတွက် လောကတွင် ကိုင်စွဲစရာ လက်နက်မရှိ။ ရန်သူအပေါ် နာကျည်းမုန်းတီးစိတ်ဖြင့် တကယ်တမ်း တော်လှန်တိုက်ခိုက်မည်ဟူသော စိတ်ဓာတ်ရှိသူတို့ အဘို့မူ ဘာကိုမျှ မှုစရာ မလိုချေ။ ရန်သူကို လက်နက်မဲ့ ဆန္ဒပြနေသည်ထက်တော့ တုတ်တွေ ဓားတွေက အများကြီး ထိရောက်အောင်မြင်နိုင်မည်ဖြစ်သည်။ တုတ်များ ဓား

စာမျက်နှာ (၇)သို့...

# ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီ (PSDP)၏ ယာယီ ဥက္ကဌ စောခင်မောင်မြင့်နှင့် KIC ဆက်သွယ်မေးမြန်းခြင်း

❑ ပထမဦးဆုံး ပါတီရဲ့ ရည်ရွယ်ချက်နဲ့ ပါတီရဲ့ မူဝါဒကို ပြောပြပါလား။

ပါတီရဲ့ မူတွေကတော့ အခုဖွဲ့စည်းပုံတွေ ဘာတွေနဲ့ဆိုတော့ အကျဉ်းချုပ်ပြောရမယ်ဆိုရင် ကျနော်တို့ပါတီရဲ့ သဘောထားကတော့ တိုင်းရင်းသားလူထုတစ်ရပ်လုံးအတွက်ပေါ့။ နံပါတ်(၁) ကရင်တိုင်းရင်းသား လူထုတစ်ရပ်လုံးအတွက် ဦးစီးဦးဆောင်ပြုပေးဖို့။ တရားဥပဒေဘောင်ထဲက ရသင့်ရထိုက်တဲ့ အခွင့်အရေးတောင်းဆိုပေးဖို့၊ ပြီးတော့ မတရားတဲ့နည်းလမ်းများ ဖိနှိပ်ချုပ်ချယ်မှုတွေ ရှိခဲ့ရင်လည်းပဲ ကာကွယ်ပေးဖို့။ နံပါတ်(၂) အချက်ကတော့ ကရင်ပြည်နယ်တစ်ခုလုံးရဲ့ ဖွံ့ဖြိုးတိုးတက်မှု ကရင်ပြည်နယ်သူ ပြည်နယ်သားအားလုံးအတွက် စားဝတ်နေရေးအဆင်ပြေအောင် အဘက်ဘက်ကပေါ့လေ ပြည့်စုံအောင် ဆောင်ရွက်ပေးဖို့၊ နောက်တခုကတော့ ဒီပြည်နယ်သည် နိုင်ငံတော်ရဲ့ အကျိုးကိုလည်း ဝိုင်းဝန်းကူညီဖို့ ဖြစ်ပါတယ်။

❑ ပါတီရဲ့ အလုပ်အမှုဆောင် (EC)တွေက ဘယ်သူတွေပါလဲ။

ECက အားလုံး (၉)ယောက်ပဲ။ ဥက္ကဌကတော့ စောခင်မောင်မြင့်၊ ဒုဥက္ကဌက စောအောင်ကျော်နိုင်(ခေါ်) ရှားဘူးဖော့၊ အထွေထွေအတွင်းရေးမှူးက စောကြည်လင်း၊ အတွင်းရေးမှူး(၁)က စောတင်လှိုင်၊ အတွင်းရေးမှူး(၂)က စောရှားထွန့်ဖေါင်၊ လူငယ်ဥက္ကဌ စဘီကျင်ဦး၊ အမျိုးသမီးဥက္ကဌ နန်းစေအွာနဲ့အဖွဲ့ဝင် နှစ်ယောက်က စောမြထွန်း၊ စောခင်ကျော်ဦးတို့ ဖြစ်ပါတယ်။ အဲဒီ ECဟာ လက်ရှိမှာ ယာယီရွေးထားတာပေါ့လေ။ ယာယီဆိုပေမဲ့လည်း ခုနကအတည် မရွေးရမချင်းပေါ့။ မဲဆန္ဒနယ် မရွေးထုတ်ခင်လေးမှာ လက်ရှိ ပါတီတာဝန်ကို ယာယီအားဖြင့် ဖွဲ့စည်းပြီးတော့ လုပ်ဆောင်နေတာပေါ့။

❑ လက်ရှိအချိန်မှာ ပါတီဝင်အင်အားက ခန့်မှန်းခြေ ဘယ်လောက်ရှိနေပါပြီးလဲ။

ပါတီဝင်အင်အားကတော့ လက်ရှိသတ်မှတ်ထားတဲ့ အင်အားထက် ကျော်လာပြီးလေ။ ဟိုမှာ သူတို့ တစ်ထောင်သတ်မှတ်တာကို အင်အားကတော့ သောင်းဂဏန်းအထိလောက် ရနေပါပြီး။ ဒီ(၇)မြို့နယ်လုံးပေါ့လေ။ အဓိကကတော့ ဖားအံမြို့နယ်ပေါ့။

❑ ဖလုံ–စဝေါ်ပါတီဟာ အမတ်နေရာ ဘယ်နှစ်နေရာ ကိုယ်စားပြုသွားဖို့ ရှိပါသလဲ။ နောက်ပြီးတော့ ပါတီရဲ့ ရန်ပုံငွေကျတော့ကော ဘယ်လိုရှာဖွေပါသလဲ။

အမတ်နေရာကတော့ ရည်ရွယ်ထားတာ ကရင်ပြည်နယ် ၇မြို့နယ်လုံးကို ကိုယ်စားပြုဖို့ ရည်ရွယ်ထားတယ်။ ဒါပေမဲ့လည်း ရွေးကောက်ပွဲဝင်မယ့် ကိုယ်စားလှယ်အပေါ်မှာ ကြည့်ရအုံးမှာပေါ့။ ဘာကြောင့်လည်းဆိုတော့ တချို့က ရွေးကောက်ပွဲ သိပ်မဝင်ချင်ကြဘူးလေ။ ဝင်မယ့်လူက နည်းနည်းရှားနေတယ်။ အဲဒါကတော့ သူတို့စိတ်ဝင်စားမှု အားနည်းလို့ပဲ ဖြစ်မှာပေါ့။ ကျနော်တို့ကတော့ လိုက်ပြီးတော့ စည်းရုံးတယ်။ သူတို့ကတော့ ဘာဖြစ်လည်းလို့ မေးလို့မှ မရပဲဟာ။ တချို့က သင့်တော်ပါတယ် ဆိုတဲ့လူတွေ ဆိုရင်လည်းပဲ အား … ကျနော် မပါချင်ဘူး။ အဲလိုပဲ ပြောတော့ ဘယ်လိုပြောပြီးတော့ ဘယ်လိုတိုက်တွန်းပြီးတော့ အတင်းအဓမ္မ ခေါ်လို့မရဘူးလေ။ ပါတီဝင်တွေကတော့ သိပ်အခက်အခဲ မရှိဘူးပေါ့။ သာမန်ပါတီအင်အားကတော့။ ရန်ပုံငွေကတော့ ဒီအများပြည်သူဆီကနေပြီးတော့မှ နည်းနည်းပါးပါး စုဆောင်းပြီးတော့မှပဲ နောက်ပြီးတော့ လုပ်ငန်းရှင်တွေရဲ့ ဆန္ဒပြုချက်နဲ့ ရသလောက် သူတို့ဆီမှာ ထည့်ဝင်ကြေးပေါ့လေ။ အဲဒါကို မေတ္တာရပ်ခံ ပန်ကြားပြီးတော့ သူတို့ ထည့်ဝင်တဲ့ ရန်ပုံငွေ နောက်ပြီး ကျနော်တို့ (၁၅)ဦး ကော်မတီဝင်ကနေပြီးတော့ အမာခံပေါ့လေ။ တစ်ယောက်ကို တစ်သိန်းဆို တစ်သိန်း။ ဒီလိုနည်းနဲ့ပဲ စုဆောင်းတာပေါ့ ရန်ပုံငွေကို။

❑ နောက်တခုက ပါတီအဖွဲ့ဝင် လိုက်လံစည်းရုံးရေး ခရီးစဉ်နဲ့ ပတ်သက်ပြီးတော့ ဘယ်နေရာဒေသတွေမှာ လုပ်ပြီးနေပြီလဲ။ ဘယ်နေရာတွေ ကျန်နေသေးလဲပေါ့နော်။

ကျနော်တို့ ဝင်ရောက်ယှဉ်ပြိုင်မှာကတော့ ဖားအံ၊ ကော့ကရိတ်၊ လှိုင်းဘွဲ့၊ ကြာအင်းဆိပ်ကြီး၊ သံတောင်၊ မြဝတီ၊ ဖာပွန် ဖြစ်ပါတယ်။ (၇)မြို့နယ်ထဲမှာ ပါတီဝင်စည်းရုံးနေတာ အခုဆို ပါတီဝင်စည်းရုံးရေးက ပြီးသွားပါပြီ။ အဲဒီမြို့နယ်တခုချင်းစီအတွက် ကိုယ်စားလှယ်လောင်း စာရင်းတွေကိုတော့ ဒီဩဂုတ်လမကုန်ခင် ကျနော်တို့ ပြည်ထောင်စုကော်မရှင်ကို တင်ပြသွားမှာပါ။ အဲဒီအခါကျရင် အစိုးရသတင်းစာထဲမှာ ပါလာမှာပဲ။ စောင့်ဖတ်ကြည့်ပေါ့။ ကျနော်တို့ကတော့ Gender ဦးစားပေးတဲ့အနေနဲ့ အမျိုးသမီးကိုယ်စားလှယ်တွေကိုပါ သတ်မှတ်ထားပါတယ်။

❑ မဲဆွယ်စည်းရုံးတဲ့ လုပ်ငန်းစဉ်အတွက်ရော ဘယ်လိုကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားပြီးပါပြီလဲ။

ဘဉ်ဖဲထိုဉ်ကိ်ာ်ကိသဝီ.
တၢ်စူၤဒီးထံဒိဉ်ဘဉ်ဆဉ်
တမၤဂ်ၤဆၢကတိ်ၢ်ဘဉ်.

၂. ပကိ်ၢ်ခိုဉ်စီၤဘးအူကဲ့,
ဒ်သိးတမ့ၢ်ပှၤစဲၤခံ.
မူဒါဒီးတၢ်ဖံးတၢ်မၤ,
မၤဝဲလၢာ်သးကိးကပၤ.

၃. လၢထံကိ်ၢ်တၢ်မၤအယိ,
ဒ့ဉ်ဒါကဝီၤယိကဒိ.
ပှၤနိ်ဉ်ဂ်ံၢ်မ့ၢ်စ့ၤဘဉ်ဆဉ်,
နီတဘျိတဟ့ဉ်အယဉ်.

၄. ခိုဉ်ဆၢဝဲလၢတၢ်သးဒ့,
လ့ၢ်ထိုဉ်ဃုာ်ဒီးသးသမ့.
တၢ်သးဒ့လၢအိုဉ်ဒီးနၤ,
ကဲတၢ်ကွၢ်လိလၢပှၤဂၤ.

၅. သိဉ်ဒ့ဖိအါဒ်အါဂၤ,
မၤတၢ်မၤဒ်သိးနမၤ.
မ့ၢ်ဘဉ်လ့ၢ်ထိုဉ်သးသမ့,
လ့ၢ်ထိုဉ်ဝဲလၢတၢ်သးဒ့.

၆. ပှၤယံၤဒီးထံကိ်ၢ်ဘဉ်ဆဉ်,
အဝဲသ့ဉ်တဟးသဒ့ဉ်.
ပှၤဃ့ၢ်သုပှၤဟးသဒ့ဉ်,
အဝဲဒုးတဟ့ဉ်အယဉ်.

၇. တုၤလါအီကူဉ်ဆံခံသီ,
သ့ဉ်နိ်ဉ်ထိုဉ်ကဒီးတဘျိ.
ဘးအူကဲ့သိဉ်ဒ့အါမး,
ကညီဂ်ိ်ၢ်ဟ့ဉ်လီၤအသး.

၈. ပှၤသးဒ့ယသိဉ်ဒ့ဖိ,
ထံကိ်ၢ်သဘျၢ်မၤထီဘိ.
ထံကိ်ၢ်ဂ်ိ်ၢ်ပှၤဒ့ပှၤဃီၤ,
ယဂ်ိ်မၤထူရၤလီၤစီၤ.

**လၢ–စီၤဆဉ်လီၤအဲဉ်ဘျုး**

# တရူး–ပယီး တာ်ရဲ၎်တာ်ကျဲး လာကတ့ထိုဉ်ထံတမာဉ်သီအဖိခ်ဉ် ကရ၊ဉ်နံ့ဉ် တာ်လဲးထိုဉ်လဲးထိ တာ်ဃုသ့ဉ်ညါတာ်ကရ၊ာ် ထိဒါပဲဝ်အာပဲဝ်သီ

**လါအီကူာ် ၁၀သီ,**
**နီ်ဖ္ဟျ်ဖ္ဟျ်သ့ (ခ့ဉ်အဲးစံဉ်)**

ကီ်တရူးဒီး ကီ်ပယီးသုးပဒိဉ် တာ်ရဲ၎်တာ်ကျဲးအိုဉ် လာကတ့ထိုဉ် ထံတမာဉ်သီ ဖဲကရ၊ဉ်နံ့ဉ်ကီ်စဲာ်ပူးအဖိခ်ဉ်နှ့် ကရ၊ဉ်နံ့ဉ် တာ်လဲးထိုဉ်လဲးထိ တာ်ယုသ့ဉ်ညါတာ်ကရ၊ာ် (KDRG) ထိဒါပဲဝ်အာပဲဝ်သီဝဲဒီး တကတီ်ယီယ့ထိုဉ်ဝဲစ့ာ်ကီးသုးပဒိဉ်ဒီး ဒးထးကူဉ်ပနံ့ဉ်တဖဉ် လာကပတုာ်ကွံာ် တာ်ရဲ၎်တာ်ကျဲးအံး လာအဆိအ၍ချုအာဂ့ာ်နှ့် ဖဲလါအီကူာ်ထိုဉ် (၉)သီအနံးနှ့်ထုးထိုဉ်ဘိးဘာ့ရၤလီးဝဲ လံာ်ဘိးဘာ့ရၤလီးတဘ့ဉ်နှ့ဉ်လီး။

ဖဲလါယနူးအါရံး (၇)သီအနံးနှ့် နအဖသုးပဒိဉ်ဒီး တရူးကီ်ယ္ဉ်နၢ်ဉ်ကီ်စဲာ်၊ တာ်ထုးထိုဉ် လိမ့ဉ်အူကူဉ်ပနံ့ဉ် Datang(Yunnan) United Hydropower Developing Co ဟံးနှ့်တာ်နၢ်ပၢ်ဆဲးလီးစုမ့ာ်ကျၢ်ခံခီယၢ်ပၢ လာကတ့ထိုဉ်ထံတမာဉ်အသီတခါ ဖဲသဝီသီ(ရ၊ဘသစ်)ဃၢး လာလိုဂ်ာ်ဘါကအိုဉ်ဝဲ (၆၀၀) မံးကးဝးအယိနှ့် ကရ၊ဉ်နံ့ဉ် ကမျၢ်တဖဉ် ထိဒါဝဲဒဉ်နှ့ဉ်လီး။

ကရ၊ဉ်နံ့ဉ် ကမျၢ်တဖဉ် ဟ်ဖျါဟ်ထိုဉ်ဝဲ ဖဲအပူးကွံာ်(၅၀)နံ့ဉ် တာ်သူဉ်ထိုဉ် လိပံးတး(လောပိတ)လိမ့ဉ်အူ ဖဲကရ၊ဉ်နံ့ဉ်ကီ်စဲာ်ပူးဒီး လၢကီ်ပယီးဒိတဘ့ဉ်နှ့ဉ် မ့ာ်အဆိကတၢ်ဒီး အဒိဉ်ကတၢ်တခါဘဉ်ဆဉ် လၢကရ၊ဉ်နံ့ဉ် ကမျၢ်အဂီ၊ အဘျုးအဖ္ဒ်တအိုဉ်ဝဲနီတမံးဘဉ်နှ့ဉ်လီး။

"တာ်ရဲ၎်တာ်တာ်ကျဲးအဝဲအံးနှ့ဉ် ပထံဉ်ဘဉ် အါမးလံ၊ ဖဲတာ်စးထိုဉ်တ့ဝဲ လိပံးတး၊ မိဘယဲ(မိုးဒြ)ထံတမာဉ်တဖဉ်အခါနှ့ဉ် သုးပဒိဉ်အၢဉ်လီးဝဲဒဉ် လၢကရ၊ဉ်နံ့ဉ်ကီ်စဲာ်ဒိတဘ့ဉ် မ့ာ်အူကဘဉ်ကပီးဝဲဘဉ်ဆဉ် လၢခံနှ့ဉ် တာ်တကဲထိုဉ်ဝဲနီတမံးဘဉ်"အဂ့ာ် ကရ၊ဉ်နံ့ဉ်တာ်လဲးထိုဉ်လဲးထိ တာ်ယုသ့ဉ်ညါတာ်ကရ၊ာ်မူဒါခ်ဉ် ခ့ုတီးရဲ၎ၤစံးဝဲဒဉ်နှ့ဉ်လီး။

ခ့ုတီးရဲ၎ၤစံးဝဲလၢ ခ်ဖျိတာ်ရဲ၎်တာ်ကျဲအံးအယိနှ့ဉ် လီ်ကဝီးကမျၢ်ဖဲနှ့ဉ် ၁၂,၀၀၀ဘျဲ့ဉ် ဘဉ်တာ်သုးဆူဉ်လီ်ကျဲး ဆူတာ်လီ်အဂၤဒီးလိမ့ဉ်အူ ၉၅မျးကယၢနှ့ဉ် တာ်ကဆ့ၢ်အီ၊ ဆူကီ်ပယီးပူး တာ်လီ်အါတီးနှ့ဉ်လီး။ အမဲ်ညါ ဖဲထံတမာဉ်အခ်ဉ်အဃၢ၊ဝးဝးတရံးနှ့ဉ် ခ်ဖျိ တာ်ဒီးလီးဃာ်ဝဲမ့ာ်ပိ၊် ၁၈,၀၀၀ဖျာ်အယိတာ်ဘဉ်ယိဉ်အိုဉ်ထိုဉ်ဝဲဒဉ် လၢကရ၊ဉ်နံ့ဉ်ကမျၢ်ဖဲနှ့ဉ်တဖဉ် အဂီ်နှ့ဉ်လီး။

တာ်ရဲ၎်တာ်ကျဲး လၢတာ်ကတ့ထိုဉ် ထံတမာဉ်အသီတခါအံးနှ့ဉ် လၢအနံ့ဉ် ၁၀၀အတီ်ပူး ကီ်ပယီးသုးပဒိဉ်တာ်မၤတရိတပါ၊ မၤပယ္ဝဲ ပှၤကညီခ့ဲးယာ်ဒ်အမ့ာ်၊ သုးဆူဉ်ဝဲကမျၢ်လီ်ကျဲ၊ ဒ့ဉ်အူကွံာ်ဒူသဝီ၊ မၤသံမၤဝီတာ်၊ ဆိုဉ်တံာ်မၤနၤတာ်ဒီး မၤတရိတပါ ပိာ်မ့ဉ်ပိာ်မၤၤတဖဉ်နှ့ဉ် ခ့ုတီးရဲ၎ၤ စံးအါထိုဉ်ဝဲဒဉ်နှ့ဉ်လီး။

စးထိုဉ် လၢတာ်ဆဲးလီးစုမ့ာ်ကျၢ်ဝံၤအလီ်ခံ ဖဲသဝီသီ(ရ၊ဘသစ်) အခ်ဉ်အဃၢၤနှ့ဉ် တာ်နှာ်လီးထိုဉ်ဝဲ တာ်သူဉ်ထိုဉ်အလီ်အကျဲအိုဉ်ဝဲခံဘျီလံ တကးဘဉ်အမဲ်ညါ ဟဲကွဲဃာ်ဝဲဒီး ပှၤမၤတာ်ဖိ လၢကီ်ပယီးပူးတဖဉ်စ့ာ်ကီး ဟဲဟ်လီးဝဲ တာ်ဖိတာ်လံၤ လၢအလိဉ်သ့ဉ်တဖဉ်လံနှ့ဉ် လံာ်ဘိးဘဉ်ရၤလီးအပူး ဟ်ဖျါဝဲနှ့ဉ်လီး။

နအဖသုးပဒိဉ်ဒီး ဒးထးကူဉ်ပနံ့ဉ် ဟံးနှ့်တာ်နၢ်ပၢ် တာ်ဆဲးလီးစုမ့ာ်ကျၢ်လံာ်အပူးနှ့ဉ် လၢကရ၊ဉ်နံ့ဉ်ကီ်စဲာ်ပူး ကတ့အါထိုဉ်ဝဲ ထံတမာဉ်ခံခါ ဖဲသဘဲာ်(သဘက်)ထံကျိပူးတခါ လိဂ်ာ်ဘါကအိုဉ်ဝဲ ၁၁၀ မံးကးဝး၊ ဖဲပိၤ(ပ္ပန်)ထံကျိပူးတခါ လိဂ်ာ်ဘါကအိုဉ်ဝဲ ၁၃၀မံးကးဝးနှ့ဉ်လီး။

❑❑

# ကညီနိ်ဉ်တယၢ်လၢအအိုဉ်ဖဲ ကညီပတုာ်တၢ်ခးကရ၊ာ်အတြဲၤတဖဉ် ဘဉ်တၢ်ထုးကွံာ်

**လါအီကူာ် ၅သီ,**
**နၢ်ဖီ၀ၤ (ခ့ဉ်အဲးစံဉ်)**

ဖဲတနံၤညါအံးနှ့ဉ် နအဖသုးနဲာ်လီးဝဲ ကညီနိ်ဉ်တယၢ် လၢအအိုဉ်ဖဲ ကညီဖိဉ်စုကဝဲၤကရ၊ာ် လၢအပတုာ်တၢ်ခးတဖဉ် အတြဲၤ(ဂိတ်)တဖဉ်နှ့ဉ် တာ်ကဘဉ်ထုးကွံာ်အီ၊ခဲလၢာ်နှ့ဉ်လီး။

ဒံဉ်ခ့ဉ်ဘံဉ်အ့ဉ် ဖဲကီ်ဆၢတဂၤစံးဝဲလၢ "တာ်နဲာ်လီ၊အိုဉ်လၢတနံၤညါအံး ဂိၤခ၊ ၉း၃၀နဉ်ရံဉ်နှ့ဉ် တာ်ကဘဉ်ထုးလီ၊ကွံာ်ခဲလၢာ်လီး။ နိ်ဉ်တယၢ်တခီနှ့ဉ် တာ်ထုးကွံာ်ဝဲဘဉ် ဖဲဟါခ၊ ၃နဉ်ရံဉ်ဃဉ်ဃဉ်နှ့ဉ် တာ်ထုးကွံာ်ခဲလၢာ်လီး"နှ့ဉ် စံးဘဉ်ဝဲ ခ့ဉ်အဲးစံဉ်နှ့ဉ်လီး။

ခ်ဖျိ နအဖသုးခ်ဉ်သုးနၢ်လၢနှ့်ပ့ဉ်ဒ်ဉ်(နေပြည်တော်) နဲာ်လီ၊ တာ်ကလု၊် လၢတာ်ကဘဉ်မၤရ့ဲမၤလဲဝဲထံဆၢအယိ နအဖ သုးပၢဆၢရဲ၎်ကျဲးသုးဝဲ၊လီ်ခ်ဉ်သ့ဉ် စကခ(၁၂)ခ်ဉ်သုးခ်ဉ်ဒ်ဉ်စိ ခ့ဉ်မိ၊ထ့ နဲာ်လီ၊က့ၤဝဲဒဉ် တာ်ကလု၊်လၢကယဲမ့ာ်ပှၤကညီနိ်ဉ်တယၢ်လၢအအိုဉ်ဖဲ ကညီပတုာ်တၢ်ခးအတြဲၤတဖဉ် တာ်ကဘဉ်ထုးကွံာ်ခဲလၢာ်အယိတၢ်ထုးကွံာ်အီ၊နှ့ဉ်လီး။

ကညီကမျၢ် လၢအအိုဉ်ဖဲ ကီ်းတရံးတ့ာ်ပူးတဂၤစံးဝဲ လၢတာ်ထုးကွံာ်ကညီနိ်ဉ်တယၢ်အံ၊နှ့ဉ် ဖဲမ့ဉ်ဝတံာ်၊ ကီ်းတရံး၊ ဖဉ်အ့ဉ်တဖဉ်ခဲလၢာ်လီး။ အဝဲစံးဝဲ "တာ်ထုးကွံာ်ကညီနိ်ဉ်တယၢ်နှ့ဉ် မ့ာ်ဝဲလီ၊။ ဖဲကီ်းတရံးတ့ာ်နာ်က့ ကယါ်မ့ာ် ဒံဉ်ခ့ဉ်ဘံဉ်အ့ဉ်ဒီး တာ်မုာ်တာ်ခ့ဉ်ကရ၊ာ်ဆီလီ၊ တာ်လီ်နှ့ဉ် တာ်ထုးကွံာ်ခဲလၢာ်လံလီ၊။"

ဒံဉ်ခ့ဉ်ဘံဉ်အ့ဉ် လၢအအိုဉ်ဖဲ (၉၉၉)တြဲၤတဂၤစံးဝဲ "ယထံဉ်ဘဉ်နိ်ဉ်တယၢ် လၢပဆီလီ၊တ့ာ်အီ၊သ့ဉ်တဖဉ် တာ်ဟဲထုးကွံာ်အီ၊ လၢပမဲာ်ချံပူးအံ၊နှ့ဉ် မၤသးဒ်သိးဒီး ပှၤဟဲဟံးနှ့်ကွံာ်ဝဲပတၢ်ဖိတၢ်လံၤ လၢပယူးယိဉ်ဟ်ကဲအီ၊တခါလီ၊။" စံးဝဲနှ့ဉ်လီး။

ကညီဖိဉ်စုကဝဲၤကရ၊ာ် လၢအပတုာ်တၢ်ခးဒီး ပယီးသုးပဒိဉ် သ့ဉ်တဖဉ်နှ့ဉ် မ့ာ်ဝဲကညီဘူးဒးသုး(ဒံဉ်ခ့ဉ်ဘံဉ်အ့ဉ်)၊ ကညီတာ်မုာ်တာ်ခ့ဉ်ကရ၊ာ်(ခ့ဉ်ဖံဉ်အဲးဖ)၊ ကညီတာ်မုာ်တာ်ခ့ဉ်ကီ်ဉ်ကးကရ၊ာ်၊ ပဒိဉ်အိုဉ်စာ်ကရ၊ာ်ဒီး သာ်တီဉ်ဟီဉ်ကဝီးလီ၊ဆီကရ၊ာ်သ့ဉ်တဖဉ်နှ့ဉ်လီး။

ဒံဉ်ခ့ဉ်ဘံဉ်အ့ဉ် သုးက့(၅)လၢသမၤဝဲဒဉ် ပယီ၊သုးပဒိဉ် ကီ်ဆၢသုးတာ်ရဲ၎်တာ်ကျဲ၊အံ၊ သုးခ်ဉ်တဂၤ စံးဝဲလၢတာ်အဝဲနှ့ဉ် မ့ာ်ဝဲဒဉ်အဝဲသ့ဉ်အဘ့ဉ်အတီ်လီ၊။ ကီ်ဂ်ခ်ဉ်စီ၊ ဘားအူကွံ့စံးဝဲ လၢပပှၤကညီအဘ့ဉ်အတီ်နှ့ဉ် ပကဘဉ်စံဉ်ညီဉ် တိနံ့ပကစ်ဒ်ဉ်ဝဲလီ၊။ မ့ာ်လၢပဝဲဒု တာ်လီ်လၢ ပအိုဉ်ဆီလီ၊သးနှ့ဉ် ကညီနိ်ဉ်တယၢ် ကဘဉ်အိုဉ်ဝဲထီဘိလီ၊။

ဖဲလါအီကူာ်ထိုဉ် ၃သီ အနံ၊နှ့ဉ် နအဖသုးနဲာ်လီ၊တာ်ကလု၊် လၢပှၤဖိုဉ်စုကဝဲဖိတဖဉ် ဖဲလၢနှာ်လီ၊ ဟးထိုဉ် လၢတ့ာ်ပူ၊အဆၢကတီ်နှ့ဉ် တဘဉ်ကူ ကၤသုးကူ သုးကၤဘဉ်၊ တဘဉ်စာ်တာ်စုကဝဲၤဘဉ်၊ ဖိုဉ်စုကဝဲၤနှ့်၊ ဖဲလၢအအိုဉ် ဖဲသုးကလၢၤပူ၊ အဆၢကတီ်လီ၊။ ❑

# ရၤမတံ မ့ာ်ပိ၊်ပိ၊်ဖးအယိ သံ ၂၇၊ ဘဉ်ဒိ ၇၇၊

**လါအီကူာ် ၆သီ, ခ့ဉ်အဲးစံဉ်**

ကီ်ကျိ့ဉ်တဲ့ဉ်–ကီ်ပယီ၊ ကီ်ဆၢ ဝ့ာ်ရၤမတံပူ၊ တနံၤအံ၊ မ့ာ်နၤ ပယီ၊နိ်ဉ်ထိုဉ် ၈း၃၀နဉ်ရံဉ်အဆၢကတီ် မ့ာ်ပိ၊် ပိ၊်ဖးထိုဉ်တဖျာ်အယိ ပှၤသံတဘျီယီ ၂၇၊, ဘဉ်ဒိ၊ ၇၇၊အဂ့ာ် ခ့ဉ်အဲးစံဉ် သ့ဉ်ညါဘဉ်နှ့ဉ်လီ၊။

ပိာ်မ့ဉ် လၢအအိုဉ်ဖဲဝ့ာ်ရၤမတံတၢ်၊ စံးဝဲ၊ "မ့ာ်ပိ၊် ပိ၊်ထိုဉ် ဖဲဘယ့ဉ်နိ်ဉ်ကျဲ၊ တာ်ဆါတာ်မ့ာ်နၤခီဖ့ါအလီ၊်,တာ်ဆါတာ်သူတာ်သဉ် ကျးအမဲ်ညါလီ၊။ ပိ၊်ဖးထိုဉ်တထံဉ်ယီနှ့ဉ် ပှၤခံၤနှ့ဉ် သံဖျိးဝဲလၢနှ့ဉ်တက့, လၢအံ၊တက့ဒီး (ဆိုင်ကယ်လ်)ဟးဂီ၊ကွံာ်ခံခ်ဉ်"အဂ့ာ် စံးဝဲဒဉ်လီ၊။

"တာ်ပိ၊်ဖးနှ့ဉ် အကလု၊် သီဉ် ဖးဒိဉ်ညါလီ၊။ ယကနှ့ဉ် အဂ်ာ်ကဆူ၊ာ်ဖးဒိဉ်ညါလီ၊။ ဝ့ာ်ရၤမတံပူ၊ ပှၤလၢအတနၤ်ဟူ တအိုဉ်နီတဂၤ ဘဉ်."အဂ့ာ် ပှၤကူ၊ာ်လဲၤမၤကၤတၢ်ဖိ တဂၤ စံးဝဲဒဉ်လီ၊။

တၢ်ကဲထိုဉ်သးနှ့ဉ် ဖဲဘဉ်ယ့ဉ်နိ်ဉ် (ဘုရင့်နောင်)ကျဲမ့ာ် တာ်ဘဉ်ဆဉ်ဖိကီ်ဖိ စ့တၢၤအကပၤ တာ်ဆါတာ်သူတာ်သဉ်ကျး အမဲ်ညါဒီ၊ ဖဲဆါကလ့ဒီ၊ အမါခံဂၤ ကပ္ပၤ အိုဉ် တာ်သူတာ်သဉ်အယိ ပတုၤဃာ်အဆဲးကဲၤ(ဆိုင်ကယ်လ်)အခါဖဲနှ့ဉ် လၢအဝဲသ့ဉ် အလီ်ခံ ပှၤကူ သိးဆ့ကၤအကွ့ကွ့(ပြောက်ကျား)တဂၤ ဟဲဝဲဒီ၊ Taxi (ဆိုင်ကယ်လ်)တခ်ဉ် ဟဲတုၤဝံၤ မ့ာ်ပိ၊် ပိ၊်ဖးထိုဉ်ဝဲဒဉ်နှ့ဉ်လီ၊။

တၢ်ပိ၊်ထိုဉ်အယိ ပှၤသံ ခံဂၤအကျါ အတဂၤနှ့ဉ် တုၤဒဉ်လဲာ် မၤနိ်ဉ်အီ၊ တဘဉ်လၢၤဘဉ်ဒီ၊ လၢအကူ သိး ဆ့ကၤကွ့ကွ့တဂၤနှ့ဉ် အနိ်ာ်ခ်ဉ်လၢအဖိခ်ဉ်တကုၤနှ့ဉ် ဖျိးကွံာ်ဝဲဒဉ်ဒီ၊ အဖိလာ်တကုၤနှ့ဉ် ဖျိးကွံာ်ဝဲ လၢနှ့ဉ် တက့, လၢအံ၊တက့အဂ့ာ် ပှၤလၢ အလဲၤထံဉ်ဘဉ် လၢအမဲ်တဂၤ စံးဝဲဒဉ်လီ၊။

ဘဉ်ထွဲ ပှၤဆါလၢအဟဲတုၤ ဖဲရၤမတံတၢ်ဆါဟံဉ်နှ့ဉ် ရၤဂၤအဂ့ာ်နှ့ဉ် ပှၤလၢအဘူ၊အတၢ်တဂၤ စံးဝဲဒဉ်ဒ်အံ၊လီ၊။ "ပှၤဆါနှ့ဉ် ၇ဂၤလီ၊, ပှၤမၤဝဲတသ့ဘဉ်, အယိ စးထိုဉ်လၢ လါအ့ဖ္ဒ်ာ်လံၤလံၤဒီ၊ တုၤဆၢကတီ်ခဲအံ၊ သဝီ ၃ဖျာ်ပူ၊ သဝီဖိ ၃၇၀ဘျဲ့ဉ်နှ့ဉ် ဘဉ်ဟ်တ့ာ်ကွံာ်ဝဲ အဟံဉ်အယိ, ဘဉ်ထွဲ ပှၤဆါလၢအဟဲတုၤ ဖဲရၤမတံတၢ်ဆါဟံဉ်နှ့ဉ် ရၤဂၤအဂ့ာ်နှ့ဉ် ပှၤလၢအဘူ၊အတၢ်တဂၤ စံးဝဲဒဉ်ဒ်အံ၊လီ၊။ "ပှၤဆါနှ့ဉ် ၇ဂၤလီ၊, ပှၤမၤဝဲတသ့ဘဉ်, အယိ စးထိုဉ်လၢ လါအ့ဖ္ဒ်ာ်လံၤလံၤဒီ၊ တုၤဆၢကတီ်ခဲအံ၊ သဝီ ၃ဖျာ်ပူ၊ သဝီဖိ ၃၇၀ဘျဲ့ဉ်နှ့ဉ် ဘဉ်ဟ်တ့ာ်ကွံာ်ဝဲ အဟံဉ်အယိ, မ့ာ်ပိ၊် ပိ၊်ဖးထိုဉ်ခဲအံ၊ မ့ာ်မတဂၤအတၢ်မၤလဲာ်နှ့ဉ် တာ်တသ့ဉ်ညါအီ၊ ဒ်းဘဉ်သနာ်က့ ဆၢကတီ်ခဲအံ၊ လၢဝ့ာ်ရၤမတံပူ၊ မ့ာ်ထိုဉ်ကလံၤ ထံးကီ်ခ၊ သုးဝဲ၊လီ်ခ်ဉ်သ့ဉ် ကီ်ခ၊ခ်ဉ်သုးခ်ဉ်ကျ၊် သဲၤနဲာ်ဝ့, ကီ်ခ၊ခ်ခ်ဉ် ခံဂၤတဂၤ သုးခ်ဉ်ကျ၊်ဖိ စ်ာ်မ့ဒီ၊ တာ်ဒီသဒ၊ဝဲၤကျ၊် တာ်ရဲ၎်ကျဲ၊ဒုးယာ်လီ၊ဆီခ်ဉ် သုးခ်ဉ်ကျ၊်ဂီ၊်ဂ့ာ် ခ့ၤစ်ာ်တဖဉ် ဟဲတုၤဝဲဒဉ်အယိ ဖဲမ့ာ်ဆါအကတီ်လဲၤသမံသမိးဝဲဒဉ် ကီ်ဆၢတာ်မံသမိးလီ၊ (ဂိတ်)တဖဉ်နှ့ဉ်လီ၊။ ❑

# တာ်ခ့ဉ်ကဒါက့ၤ ထူအယိ သဝီဖိ ၃၀၀ဘျဲ့ဉ် ဘဉ်သုးလီ်သုးကျဲ

**လါအီကူာ် ၉သီ,**
**စီ၊သ့မ့ဲး (ခ့ဉ်အဲးစံဉ်)**

ကညီကီ်စဲာ်, မ့ာ်တြီ၊ ကီ်ရ့ၢ်, ဒ့ဉ်လိကီ်ဆဉ်ဟီဉ်ကဝီ၊ပူ၊ နှ့ဉ် ဒဉ်ခ့ဉ်ဘံဉ်အ့ဉ်သုးတဖဉ် ကၤ့ၤဆဲးမၤကဒါက့ၤ တာ်ခ့ဉ်ထူတာ်မၤဒီ၊ ဟးဒီ၊လီ၊ဝဲ မ့ာ်ပိ၊်တဖဉ်အယိ စးထိုဉ် လၢလါအ့ဖ္ဒ်ာ်ဒီ၊ တုၤခဲအံ၊ ပှၤသဝီဖိ ၃၀၀ ဘျဲ့ဉ် ဘဉ်သုးလီ်သုးကျဲအဂ့ာ် သ့ဉ်ညါဘဉ်နှ့ဉ်လီ၊။

ဟီဉ်ကဝီ၊ဖဲနှ့ဉ် ဒ်အမ့ာ်ကွံာ်ဒ့လီ, ဝါသိကျါဒီ၊ မဲ်တဲ့သဝီ သဝီဖိတဖဉ် ခ်ဖျိလၢ ဒ့ဉ်လိကီ်ဆဉ် မဲ်ကျဲ့ဉ်ကျိကၢ၊်နံ၊ ခံကပၤလၢၤ ဒံဉ်ခ့ဉ်ဘံဉ်အ့ဉ် သုးက့ (၃၃၃), (၆၆၆), (၇၇၇)ဒီ၊ (၉၉၉)သုးဖိတဖဉ် အတၢ်ခ့ဉ်ထူ ဟံးနှ့်တၢ်ဘံဉ်တၢ်ဘၢ၊ဒီ၊ ဟးဒီ၊လီ၊ဝဲ မ့ာ်ပိ၊်တဖဉ်အယိ အဝဲသ့ဉ် ကလဲၤဖံးမၤတၢ်လၢ ကျိုးပူ၊, စံာ်ပူ၊ ကီခဲဝဲအယိ တုၤဒဉ်လဲာ်အဝဲသ့ဉ် ဘဉ်သုးက့ၤလီ်ကျဲ ဆူတၢ်လီ်အ ဂၤအဂ့ာ် ကညီကျိ့ဉ်သရ့ဉ် မၤသကိ၊ တၢ်ကရ၊ာ်(KTWG) စံးဝဲဒဉ်လီ၊။

KTWG တၢ်ကစ်ဉ်ဒီ၊ တၢ်ရၤလီ၊ မူဒါခ်ဉ် သရ့ဉ်အဲဉ်ဒ်ဉ်ဝါ စံးဝဲ, "ဒံဉ်ခ့ဉ်ဘံဉ်အ့ဉ် သုးတဖဉ် ခ့ဉ်ထူ, ကျိဝဲဒဉ်သ့ဉ်, တ်တဖဉ် ဖဲမ်ာ်ကျဲ့ဉ် ကျိအကပ်ာ်ကပၤအမဲ်ညါ ထံကျိ ကၢ၊်နံ၊ ခံကပၤလၢၤနှ့ဉ် ဒီ၊လီ၊ဝဲ မ့ာ်ပိ၊်တဖဉ်အယိ သဝီဖိတဖဉ် ကဟးထိုဉ် သဝီ၍ ကဃုဖံးဃုမၤအဂီ၊်နှ့ဉ် မၤဝဲတသ့ဘဉ်, အယိ စးထိုဉ်လၢ လါအ့ဖ္ဒ်ာ်လံၤလံၤဒီ၊ တုၤဆၢကတီ်ခဲအံ၊ သဝီ ၃ဖျာ်ပူ၊ သဝီဖိ ၃၇၀ဘျဲ့ဉ်နှ့ဉ် ဘဉ်ဟ်တ့ာ်ကွံာ်ဝဲ အဟံဉ်အယိ, ခ်ဖျိ ဆါအကတီ်လဲၤသမံသမိးဝဲဒဉ် ကီ်ဆၢတာ်မံသမိးလီ၊ (ဂိတ်)တဖဉ်နှ့ဉ်လီ၊။ ❑

# တရုတ်–မြန်မာ ရေကာတာသစ် အစီအစဉ်များအပေါ် ကရင်နီဖွံ့ဖြိုးရေး သုတေသနအဖွဲ့ ကန့်ကွက်ရှုတ်ချ

**သြဂုတ်လ ၁၀ရက်။**
**နော်ဖြူဖြူသင်း (ကေအိုင်စီ)**

ကရင်နီဖွံ့ဖြိုးရေး သုတေသနအဖွဲ့မှ ကရင်နီပြည်နယ်တွင် တည်ဆောက်မည့် ရေကာတာသစ် အစီအစဉ်များကို ပြင်းပြင်းထန်ထန် ရှုတ်ချကန့်ကွက်ပြီး နအဖနှင့် ဒါထာ ကုမ္ပဏီတို့၏ အစီစဉ်များကို ချက်ချင်း ရပ်တန့်ရန် တောင်းဆိုထားကြောင်း ကရင်နီဖွံ့ဖြိုးရေး သုတေသနအဖွဲ့ (KDRG)၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နအဖ စစ်အုပ်စုနှင့် ယူနန်ပြည်နယ်၊ ဒါထာ ရေအားလျှပ်စစ် ထုတ်လုပ်ရေးကုမ္ပဏီ (Datang (Yunnan) United Hydropower Developing Co) တို့သည် ၂၀၁၀ခုနှစ် ဇန်နဝါရီလ (၇)ရက်နေ့တွင် ရွာသစ်ကျေးရွာအနီး လျှပ်စစ်ဓာတ်အား မီဂါဝပ် (၆၀၀) ထုတ်ပေးနိုင်သည့် ရေကာတာတစ်ခု ဆောက်လုပ်ရန် နှစ်ဖက်နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ခြင်းနှင့် ရေကာတာသစ် အစီအစဉ်များအပေါ် ကရင်နီလူထုမှ ဆန့်ကျင်ကန့်ကွက်ခဲ့ခြင်းဖြစ်သည်။

ကရင်နီလူထုတို့သည် လွန်ခဲ့သော နှစ်ပေါင်း(၅၀)က ကရင်နီပြည်နယ်၊ လေပီတတွင် မြန်မာနိုင်ငံ၏ ပထမအကြီးဆုံး ရေအားလျှပ်စစ် ထုတ်လုပ်ရေးစီမံကန်း တည်ဆောက်ခဲ့သော်လည်း ကယားပြည်နယ်အတွက် မည်သည့်အကျိုးကျေးဇူးမှ မရရှိကြောင်း ထုတ်ပြန်ဖော်ပြထားသည်။

"ဒီကိစ္စက ကျနော်တို့က အများကြီး တွေ့ခဲ့ရပြီးပြီ။ လေပီတတို့၊ မိုးဖြဲရေကာတာတို့ ဆောက်တုန်းက ကယားပြည်နယ်မှာ မီးထိန်ထိန်လင်းစေရမယ်ဆိုပြီးတော့ ကတိတွေပေးတယ်။ နောက်တော့ ဘာမှလည်း မဟုတ်လာဘူးလေ"ဟု ကရင်နီဖွံ့ဖြိုးရေး သုတေသနအဖွဲ့မှ တာဝန်ခံ ခူးတော်ရယ်က ပြောသည်။

ယင်းစီမံကိန်းကြောင့် ဒေသခံ ၁၂,၀၀၀ကျော်တို့သည် အခြားဒေသများသို့ အတင်းအဓမ္မ ပြောင်းရွှေ့ခံခဲ့ရပြီး လျှပ်စစ်ဓာတ်အား ၉၅ ရာခိုင်နှုန်းကို မြန်မာပြည် ဒေသအသီးသီးသို့ ပို့ဆောင်ပေးခဲ့ပြီး စက်ရုံလုံခြုံရေးအတွက် မြေမြှုပ်မိုင်းများသည် ကရင်နီလူထုအတွက် စိုးရိမ်စရာတစ်ခု ဖြစ်နေကြောင်း ဆက်လက်ပြောသွားသည်။

ယခုကဲ့သို့ နောက်ထပ်တည်ဆောက်မည့် ရေကာတာ သစ်များသည် ဆယ်စုနှစ်များအတွင်း မြန်မာစစ်တပ်၏ စနစ်တကျ လူ့အခွင့်အရေး ချိုးဖောက်မှုများဖြစ်သည့် အစုလိုက် အပြုံလိုက် အဓမ္မ ပြောင်းရွှေ့မှု၊ ကျေးရွာမီးရှို့ဖျက်ဆီးမှု၊ သတ်ဖြတ်မှု၊ ညှင်းပန်းနှိပ်စက်မှုနှင့် အမျိုးသမီးများအား အဓမ္မပြုကျင့်ကာ အနိုင်ကျင့်စော်ကားမှုများ ကြုံတွေ့ခံစားနေရခြင်းနှင့် ပတ်သက်၍လည်း ခူးတော်ရယ်က ဆက်လက်ပြောဆိုသည်။

"ဒီလျှပ်စစ်အားတွေကို စစ်အစိုးရက တရုတ်ကို ပို့တယ်။ ပြီးတော့ သူတို့တွေ ဒေါ်လာတွေရမယ်။ အဲဒါတွေကို အာဏာရှင်ရဲ့ ဖိနှိပ်ရေး ယန္တရားမှာ သူတို့ပြန်သုံးတယ်။ ဒုက္ခတွေကို လူထုတွေက ခံရတယ်။ ဒါကတော့ မတရားဘူး"ဟု ကေအိုင်စီကို ပြောသည်။

နှစ်ဖက် သဘောတူစာချုပ်ချုပ်ပြီးချိန်မှစ၍ ရွာသစ်အနီးရှိ ကျောက်ကျည်းတွင် ရေကာတာ ဆောက်လုပ်ရန် လိုအပ်သည့် တိုင်းတာမှုကို ၂ ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့သည့်အပြင် မြန်မာနိုင်ငံ အလယ်ပိုင်းမှ အလုပ်သမားများ ခေါ်ဆောင်လာကာ ရေကာတာ ဆောက်လုပ်ရေး ပစ္စည်းများကိုလည်း တည်ဆောက်မည့်နေရာသို့ စတင်ပို့ဆောင်နေပြီဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နအဖနှင့် ဒါထာ ကုမ္ပဏီတို့၏ ချုပ်ဆိုထားသည့် ထိုနားလည်မှု စာချွန်လွှာတွင် ကရင်နီပြည်နယ်တွင်း သဘက်ချောင်းတွင် လျှပ်စစ်ဓာတ်အား ၁၁၀ မီဂါဝပ်နှင့် ပွန်ချောင်းတွင် လျှပ်စစ်ဓာတ်အား ၁၃၀ မီဂါဝပ် အသီးသီး ထုတ်လုပ်ပေးနိုင်မည့် ရေကာတာများကို လည်း တည်ဆောက်သွားရန် ပါရှိသည်။

ၛင်းအပြင် စစ်အုပ်စု၏ မြေလှန်စစ်ဆင်ရေးများကြောင့် ထိုင်းနိုင်ငံအတွင်း ခိုလှုံနေရသည့် သောင်းနှင့်ချီသော ကရင်နီဒုက္ခသည်များသည် ထိုင်းနိုင်ငံ၊ မဲဟောင်ဆောင်ခရိုင်ရှိ ကရင်နီဒုက္ခသည်စခန်း အမှတ်(၁)နှင့် အမှတ်(၂)တွင် နေထိုင်လျက်ရှိပြီး ဒုက္ခသည်ပေါင်း ၂၀,၀၀၀နီးပါးရှိကြောင်း သိရသည်။ ❑

# လက်ပစ်ပုံးကြောင့် ခလရ (၂၉၉) တပ်ဖွဲ့ဝင် ၂ဦး ဒဏ်ရာရရှိ

**သြဂုတ်လ ၂၁ရက်။ (ကေအိုင်စီ)**

မြဝတီမြို့၊ မေတ္တာလင်းမြိုင်ရပ်ကွက်၌ ယနေ့မနက် စောစောတွင် လက်ပစ်ပုံးဖြင့် ပစ်ချလိုက်ခြင်းကြောင့် လုံခြုံရေးတာဝန်ယူထားသည့် နအဖ တပ်ဖွဲ့ဝင်နှစ်ဦး ခေါင်းနှင့် လက်များတွင် ဒဏ်ရာရရှိသွားခဲ့ကြောင်း မြဝတီမြို့ခံတစ်ဦးက ပြောပြသည်။

သူက "မနက်က ၂နာရီလောက် မေတ္တာလင်းမြိုင်ရပ်ကွက်မှာ စစ်တပ်လုံခြုံရေးနေရာကို လက်ပစ်ပုံးနဲ့ လှမ်းပစ်ခံရလို့ ဒဏ်ရာရသွားတယ်လို့ သိရတယ်။ ဆေးရုံကို ရောက်လာတာတော့ မနက် ၆နာရီလောက်မှလေ"ဟု ဆိုသည်။

ထိုကိစ္စနှင့် ပတ်သက်၍ မြဝတီဆေးရုံမှ ဆရာဝန်တစ်ဦးက "ပုံးထိလူနာတော့ ဒီနေ့နှစ်ယောက်ရောက်တာတာ ဟုတ်ပါတယ်။ ဒါပေမဲ့ ဒဏ်ရာက သိပ်မပြင်းပါဘူး။ ရှပ်ထိရုံသဘောမျိုးလောက်ပါပဲ။ ကျမတို့ အရေးပေါ်ဆောင်ကို ပို့လိုက်ပါတယ်။ သိချင်ရင် ကိုယ်တိုင် သွားကြည့်နိုင်ပါတယ်"ဟု အတည်ပြု ပြောဆိုသည်။

ဒဏ်ရာရသွားသည့် နအဖ တပ်ဖွဲ့ဝင်များမှာ စကခ(၁၉)လက်အောက်ခံ ခလရ(၂၉၉)မှ ဒုဗိုလ်လှိုင်မိုး ၂ရှစ်နှင့် တပ်သား မျိုးမင်း ၂၃နှစ်တို့ဖြစ်ကြသည်ဟု ကေအိုင်စီက စုံစမ်းသိရှိရသည်။

အဆိုပါ လက်ပစ်ဗုံးမှာ မည်သူ့လက်ချက်မှန်း မသိရသေးဘဲ မေတ္တာလင်းမြိုင်တွင် ယနေ့ပြုလုပ်သည့် ဒီကေဘီအေ (၉၀၇) တပ်ဖွဲ့၏ နယ်ခြားစောင့်တပ်ဖွင့်ပွဲအတွက် လုံခြုံရေးယူထားသူများကို ထိမှန်သွားခြင်းဖြစ်သည်။

ယခုလ ဖေဖော်နေ့က လည်း မြဝတီမြို့ ညစျေးတန်းတွင် ဗုံးပေါက်ကွဲမှုကြောင့် ၂ဦး ပွဲချင်းပြီး သေဆုံးကာ ၇ဦး ဒဏ်ရာရရှိခဲ့သော်လည်း တရားခံကို မသိရှိရပေ။

# ဒီကေဘီအေ (၉၉၉)မှ တပ်ဖွဲ့ဝင် ၂၀ဦးခန့် လက်နက်များနှင့်အတူ ဗိုလ်မှူးကြီးစောလားပွယ်ထံ ပူးပေါင်း

**သြဂုတ်လ ၁၀ရက်။**
**နန်းထူးစံ (ကေအိုင်စီ)**

စစ်အစိုးရ၏ နယ်ခြားစောင့်တပ် အသွင်ပြောင်းမည့်အရေးကို လက်မခံသည့် ဒီကေဘီအေ (၉၉၉)တပ်မဟာမှ အရာရှိငယ် တစ်ဦးပါဝင်သည့် တပ်ဖွဲ့ဝင် ၂၀ခန့်သည် ယခုရက်ပိုင်းအတွင်း ဗိုလ်မှူးကြီး စောလားပွယ် (ဗိုလ်နှုတ်ခမ်းမွေး) ဦးစီးသော ဒီကေဘီအေ တပ်မဟာ(၅) တပ်ဖွဲ့သို့ သွားရောက်ပူးပေါင်းခဲ့ကြောင်း သိရသည်။

ဒီကေဘီအေ တပ်မဟာ (၉၉၉) လက်အောက်ခံ ဒုဗိုလ်မှူးကြီးစောကတုံး ဦးစီးသည့် သစ္စာတည်တပ်ရင်းမှ တပ်ခွဲမှူး ဗိုလ်ကြီးစောဘလို့ အပါအဝင် ၁ဖဦးသည် သြဂုတ်လ ဖေဖော်နေ့တွင်လည်း ကောင်း၊ နောက်ထပ်တပ်ဖွဲ့ဝင် ၃ဦးသည် ယမန်နေ့ကလည်းကောင်း လက်နက်ခဲယမ်းများနှင့်အတူ မြဝတီမြို့နယ်၊ ဝေါ်လေအခြေစိုက် ဗိုလ်မှူးကြီး စောလားပွယ်၏ တပ်မဟာ(၅) တပ်ဖွဲ့ထံသို့ လာရောက်ပူးပေါင်းခဲ့သည်ဟု ဝေါ်လေရှိ ဒီကေဘီအေ တပ်မှူးတဦးက ပြောသည်။

ဒီကေဘီအေ တပ်မဟာ (၅)မှ တပ်မှူးတဦးက "သူတို့တွေက ဒီကေဘီအေ သစ္စာတည်တပ်ရင်းက တပ်သားတွေဖြစ်တယ်။ ဖေဖော်နေ့က ၁ဖယောက်နဲ့ သူတို့မိသားစုတချို့ပါတယ်။ မနေ့ကတော့ ၃ ယောက် ထပ်ရောက်လာတယ်။ သူတို့က အထက်က လူကြီးတွေနဲ့ ဆက်သွယ်ပြီးတော့ လာတာလို့ပဲ သိရတယ်။ ကျနော်တို့က ရှေ့တန်းမှာဆိုတော့ အသေးစိတ် မသိဘူး" ဟု ကေအိုင်စီကို ပြောသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ သစ္စာတည်တပ်ရင်း တပ်ရင်းမှူး ဗိုလ်ကတုံးကို ဆက်သွယ်မေးမြန်း၍ မရသော်လည်း ဒီကေဘီအေ တပ်မဟာ(၉၉၉) လက်အောက်ခံ အထူးတပ်ရင်းမှ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး စောမောင်ဝင်းက ယခုလို အတည်ပြုပြောဆိုသည်။

သူက "ဟုတ်ပါတယ်။ ၁ဝယောက်ကျော် သွားတယ်လို့ ကျနော် သိရတယ်။ သူတို့က နယ်ခြားစောင့်တပ် မဖြစ်ချင်ဘူး။ ဘုန်းကြီး တပ်မတော်ပဲ ဖြစ်ချင်ကြတယ်လေ။ ဒါပေမဲ့ အဲဒီလူတွေက နယ်ခြားစောင့်တပ်ဖြစ်ဖို့ အားလုံး နာမည်ပေးထားပြီးသားပဲ။ ဟိုဘက်မှာ သူတို့ ခေါင်းဆောင်ဟောင်းတွေ ရှိတယ်လေ။ သူတို့ကို ခေါ်လို့သွားတာဖြစ်မယ်"ဟု ပြောသည်။

သစ္စာတည်တပ်ရင်း၊ တပ်ခွဲ (၂)မှူး ဦးစီးသော ဒီအေဘီအေအဖွဲ့သည် နယ်ခြားစောင့်တပ်ကို လက်မခံဘဲ ငြင်းဆန်လျှက်ရှိသည့် ဗိုလ်မှူးကြီးစောလားပွယ်၏ တပ်ဖွဲ့နှင့် သွားရောက်ပူးပေါင်းရာတွင် ၎င်းတို့နှင့်အတူ လက်နက်ကြီး 60မမ ၁လက်၊ RPG ၁လက်၊ M0-16 ၁လက်၊ M-79 ၁လက်၊ မော်တာ–16 ၂လက် အပါအဝင် လက်နက်ကြီးငယ် စုစုပေါင်း အလက် ၂ဝ ကျော်နှင့် ကျည်ဆံများ ပါရှိသည်ဟု သိရသည်။

စစ်အစိုးရတပ်သည် ယခုလဆန်းပိုင်းမှစ၍ နယ်ခြားစောင့်တပ် ဝင်မည့်သူများကို လက်ခံလျှက်ရှိရာ မြဝတီမြို့ရှိ ဒီကေဘီအေ တပ်မဟာ(၅)မှ ကလို့ထူးဘောဗျူဟာမှူး ဗိုလ်မှူးစောမုတ်သုန်နေအိမ်နှင့် အခြား နအဖ တပ်စခန်းများ၌ ဒီကေဘီအေ တပ်ဖွဲ့ဝင်များကို နာမည်၊ ကိုယ်ပိုင်နံပါတ်များ မေးမြန်းကာ ဓာတ်ပုံရိုက်ယူပြီး နယ်ခြားစောင့်တပ်အဖြစ် လက်မှတ်ရေးထိုးခြင်းများ လုပ်ဆောင်လျှက်ရှိသည်။

ဒီကေဘီအေ တပ်ဖွဲ့အတွင်း ဗိုလ်မှူးကြီး စောလားပွယ် ဦးစီးသော တပ်မဟာ(၅)မှလွဲ၍ ကျန်သည့်ဒီကေဘီအေတပ်မဟာများသည် နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကို လက်ခံကြောင်း သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပြီး လာမည့် သြဂုတ်လ ၂ဝရက်နေ့တွင် ဒီကေဘီအေဌာနချုပ် ဖြိုင်ကြီးဂူအထူးဒေသ၌ နယ်ခြားစောင့်တပ် တံဆိပ်တပ်ဖွင့်ပွဲ အခမ်းအနာ ပြုလုပ်တော့မည်ဖြစ်ကြောင်း အတည်မပြုနိုင်သေးသည့် သတင်းများအရ သိရသည်။

ပြီးခဲ့သည့် သြဂုတ်လ ၃ရက်နေ့က ဒီကေဘီအေ (၉၀၂) တပ်ရင်းမှ တပ်ဖွဲ့ဝင် ၆ဦး လက်နက်များနှင့်အတူ ကော့ကရိတ်မြို့နယ် အခြေစိုက် ကေအဲန်ယူ၏ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ကေအဲန်အယ်လ်အေ) တပ်ရင်း (၁၈)ထံ သွားရောက်ပူးပေါင်းခဲ့သလို ဇူလိုင်လ ၁၁ရက်နေ့၌လည်း ကရင်ပြည်နယ် ဖားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ် မဲ့စရီဂွင်အတွင်း လှုပ်ရှားနေသည့် ဒီကေဘီအေ တပ်မဟာ (၉၉၉)၊ အထူးတပ်ရင်းမှ တပ်စုမှူးဦးဆောင်သည့် ၇ ဦးအဖွဲ့သည် လက်နက်အပြည့်အစုံနှင့်အတူ ကေအဲန်အယ်လ်အေ တပ်မဟာ(၇)ထံ ပူးပေါင်းခဲ့သေးသည်။

လက်ရှိ အင်အား ၄၀၀၀ ကျော်ရှိသည့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် (ဒီကေဘီအေ)တွင် တပ်မဟာ (၃၃၃)၊ (၅၅၅)၊ (၆၆၆)၊ (၇၇၇)၊ (၉၉၉)နှင့် တပ်မဟာ(၅)တို့ရှိပြီး နယ်ခြားစောင့်တပ်ကို လက်မခံသည့် တပ်မဟာ(၅)မှာ ဒုတိယ အင်အားအများဆုံးဖြစ်သည်။ ❑

**ရှေ့တန်းဒေသတွင် တွေ့ရသည့် ဒီကေဘီအေ စစ်သားအချို့**

**စစ်မှန်သည့် ဒီမိုကရေစီစနစ်အရ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေး ပြည်သူ့အားလုံးတွင် တာဝန်ရှိသည်၊**

# မိမိထက်အသက် ၇၀ ငယ်သော ခင်ပွန်းကို ထိန်းသိမ်းထားရန် လျှို့ဝှက်ဆန်းကြယ် အနှိပ်ပညာသုံးသည့် အဖွားအို

မိမိထက် အသက် ၇၀ ငယ်သော ခင်ပွန်းကို ထိန်းသိမ်းထားရန်အတွက် လျှို့ဝှက်ဆန်းကြယ်သော ရေးဟောင်းအနှိပ်ပညာတစ်ဦးကို အသုံးပြုနေကြောင်း မလေးရှားမှ အသက်ရာကျော် အဖွားအိုတစ်ဦးက ဝန်ခံပြောကြားခဲ့သည်။

အသက် ၁၀၈ နှစ်ရှိနေပြီဖြစ်သည့် အဖွားအို ဝုကွန်ဒေါ်သည် သူမ၏ ၂၃ယောက်မြောက် ခင်ပွန်းဖြစ်သူ ၃၈ နှစ်အရွယ် မွန်နော်ချီမူ ဆာအား ယင်းအနှိပ်ပညာဖြင့် ဖမ်းစားထားခြင်းဖြစ်သည်။ သူမက မူဆာသည် အခြားသော မိန်းကလေးများအကြောင်း ပြောဆိုသည်နှင့် ယင်းနှိပ်နည်းဖြင့် နှိပ်နယ်ပေးလိုက်ရာ သူမထံတွင်သာ ကော်နှင့်ကပ်ထားသလို မြဲမြဲနေစေခဲ့ကြောင်း ပြောကြားခဲ့သည်။

မူဆာမတိုင်မီ ခင်ပွန်းသည် ၂၂ ဦးစလုံးသည်လည်း ထိုအနှိပ်ပညာကြောင့်ပင် ကွန်ဒေါ်အားထင်းတို့သေဆုံးသည်အထိ သစ္စာရှိရှိပေါင်းဖော်သွားကြောင်း အဖွားအိုက ဆိုသည်။ ယင်းနှိပ်နည်းအတွက် တစ်နာရီမျှ အချိန်ယူရကြောင်း၊ ထိုသို့အနှိပ်ခံရခြင်းက လင်နှင့်မယားကြား သံယောဇဉ် ယှက်နွယ်မှုကို အားကောင်းခိုင်မာသွားစေကြောင်း ကွန်ဒေါ်က ရှင်းပြခဲ့သည်။

သူမက အဖိုးတန် နှိပ်နည်းအား ဖြန့်ဝေသင်ကြားပေးရန် ငြင်းဆန်ခဲ့သော်လည်း ထိုနှိပ်နည်းသည် လူတစ်ဦး၏ ခန္ဓာကိုယ်ရှိ အာရုံခံရာတွင် အားကောင်းသော အစိတ်အပိုင်းများကို အဓိက ပစ်မှတ်ထားရှိုးဆွကိုင်တွယ်ရကြောင်း အရိပ်အမြွက် ပြောကြားခဲ့သည်။

အသက်အရွယ် အိုမင်းလာချိန်တွင် အိမ်ထောင်ရေးအဆင်မပြေသည့် အိမ်နီးချင်းများကို သူမအနေနှင့် အတော်များများ တွေ့ခဲ့ဖူးကြောင်း၊ ထိုသို့သော ကိစ္စမျိုးကို လုံးဝစိတ်မပူမိကြောင်း ကွန်ဒေါ်က ဆိုသည်။ ကွာလာဘာရမ်တွင် ခင်ပွန်းနှင့်အတူ နေထိုင်သည့် ကွန်ဒေါ်က သူမသည် မိမိကိုယ်ကိုယ် သန့်ရှင်းအောင် အမြဲဂရုစိုက်ပြီး နေ့စဉ်ပြုမြဲဖြစ်သည့် ဝတ်ပြုဆုတောင်းမှုများကို မပြတ်မကွက် ဆောင်ရွက်ခြင်းကလည်း အိမ်ထောင်ရေးတွင် ကံကောင်းစေရန် အထောက်အကူပြုသည်ဟု ယုံကြည်မိကြောင်း ပြောကြားသွားသည်။

# ၁၇ရက် တွင်းထဲ ပိတ်မိသူတွေ အသက်ရှင်

**ဩဂုတ်လ ၂၃ရက်၊ ၂၀၁၀၊ (ဘီဘီစီ)**

ချီလီနိုင်ငံမှာ ပြီးခဲ့တဲ့ ၁၇ ရက်အတွင်း ရွှေနဲ့ ကြေးနီတွင်းမှာ ပိတ်မိနေတဲ့ မိုင်းတွင်း အလုပ်သမား ၃၃ ယောက် အသက်ရှင်နေသေးကြောင်း အဆက်အသွယ်ရပြီလို့ သမ္မတ ဆီဘာတ်စတီယမ် ပင်ညဲရာ့က ပြောပါတယ်။

ပိတ်မိနေတဲ့ လှိုဏ်ခေါင်းကနေ သူတို့ အသက်ရှင်လျက်ရှိကြောင်း စာရွက်ပေါ်မှာရေး အသိပေးခဲ့တာ ဖြစ်တယ်လို့ အစိုးရပိုင်ရုပ်မြင်သံကြားမှာ ဖော်ပြထားပါတယ်။

ဒဲ့အပြင် မိုင်းတွင်းရဲ့ အနက်ဆုံးနေရာ၊ လှိုဏ်ခေါင်းလမ်းကြောင်း အလယ်ကနေ ဒီကနေ့ အကြောင်းကြားစာကို ရခဲ့တာဖြစ်ပြီး စာထဲမှာ သူတို့ ညီညွတ်စွာ အသက်ရှင်လျက် ရှိပါသေးတယ်။ နေ့အလင်းရောင်ကို မြင်ချင်ပါတယ်။ မိသားစုတွေနဲ့ ပြန်ဆုံဆည်းချင်ပါတယ်လို့ မိုင်းတွင်း လုပ်သားတွေ ရေးထားကြောင်း သမ္မတ ပင်ညဲရာ့က ရှင်းပြခဲ့ပါတယ်။

Atacama အက်တာကမာ သဲကန္တာရထဲမှာရှိတဲ့ လုပ်ငန်းခွင် သွားလာရေးအဓိက လှိုဏ်ခေါင်းပြိုကျသွားခဲ့ပြီးတဲ့နောက် မြေအောက်မီတာ ၇၀၀မှာ မိုင်းတွင်း လုပ်သားတွေ ပိတ်မိခဲ့တာ ဖြစ်ပါတယ်။

မိုင်းတွင်း အလုပ်သမားတွေကို ကယ်ထုတ်ဖို့ လအတော်ကြာ အချိန်ယူရလိမ့်မယ်လို့ ကျွမ်းကျင်သူတွေက ပြောပါတယ်။

# ပါကစ္စတန်ရေဘေး အထောက်အကူ ဒေါ်လာသန်း ၂၀၀ ကျော်ရရှိ

**ဗုဒ္ဓဟူး ၁ရက်။ ဩဂုတ်လ ၂၀၁၀ (ဗွီအိုအေ)**

ပါကစ္စတန်နိုင်ငံက ရေဘေးဒဏ်သင့် ဒေသတွေမှာ အရေးပေါ်အကူအညီတွေ ထောက်ပံ့ပေးဖို့အတွက် ပြီးခဲ့တဲ့ အပတ်အတွင်း တောင်းဆိုထားတဲ့ အမေရိကန်ဒေါ်လာ သန်း ၄၆၀ ရဲ့ တဝက်ကို လက်ခံရရှိခဲ့ပြီလို့ ကုလသမဂ္ဂက ပြောပါတယ်။

နိုင်ငံတကာ မိသားစုထံကနေ ဒေါ်လာ ၂၂၈ သန်းနီးပါး အလှူငွေတွေ လက်ခံရရှိထားပြီး ဖြစ်တယ်လို့ ဗုဒ္ဓဟူးနေ့က ပြောဆိုလိုက်ပြီးတော့ အကူအညီတွေကို အမြန်ဆုံးနည်းနဲ့ ထပ်ပြီး ထည့်ဝင်ကြဖို့ကိုလည်း ကုလသမဂ္ဂက တိုက်တွန်းလိုက်ပါတယ်။

ဥရောပသမဂ္ဂက ဗုဒ္ဓဟူးနေ့မှာ ကူညီထောက်ပံ့ငွေကို စုစုပေါင်း ဒေါ်လာ သန်း ၉၀ အထိ ၂ ဆနီးပါး ထပ်တိုးပြီး ကူညီခဲ့ပါတယ်။

နယူးယောက်မြို့မှာ ဒီကနေ့ ပြုလုပ်မယ့် ကုလသမဂ္ဂ အထွေထွေ ညီလာခံ အထူးအစည်းအဝေးမှာ အမေရိကန် ပြည်ထောင်စုကလည်း ပါကစ္စတန်အတွက် ရေဘေး အကူအညီ ထပ်တိုးပေးမယ့် အကြောင်းကို နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် (Hillary Clinton)က ကြေညာသွားဖို့ရှိတယ်လို့ အမေရိကန် အစိုးရ အရာရှိတွေက ပြောပါတယ်။

ကူညီကယ်ဆယ်ရေး လုပ်ငန်းတွေအတွက် အမေရိကန်ဒေါ်လာ သန်း ၉၀ အပြင် အမေရိကန် စစ်တပ်ကနေ ကယ်ဆယ်ရေး လုပ်ငန်းတွေနဲ့ လေကြောင်းပို့ဆောင်ရေး လုပ်ငန်းတွေအတွက် ကူညီထောက်ပံ့မှု ဒေါ်လာ သန်းပေါင်းများစွာကို အမေရိကန် ပြည်ထောင်စုက ပေးလှူထားပြီး ဖြစ်ပါတယ်။

ပါကစ္စတန်မှာ မုတ်သုန်မိုးတွေ အပြင်းအထန် ရွာသွန်းပြီး ရေကြီးလို့ ခိုင်ဘာပတ်ခ်တွန်ခွာ (Khyber-Paktunkhwa)၊ ပန်ဂျပ် (Punjab)နဲ့ ဆင်းဒ် (Sindh) ပြည်နယ်တွေမှာ ခန့်မှန်းချေ လူပေါင်း ၁,၆၀၀ သေဆုံးခဲ့ရပြီး လူပေါင်း သန်း ၂၀ လောက် ဒုက္ခရောက်ခဲ့ကြရပါတယ်။ လောလောဆယ် လူပေါင်း ၆၅၀,၀၀၀ ကျော်ဟာ အမိုးအကာ မရှိဘဲ နေနေကြရတယ်လို့ ကုလသမဂ္ဂက ပြောပါတယ်။

# အီရတ် စစ်သားစုဆောင်းရေးစခန်းမှာ အသေခံ ပုံးခွဲမှုကြောင့် လူ ၆၁ ဦးသေဆုံး

**အင်္ဂါနေ့ ၁၇ရက်။ ဩဂုတ်လ၊ ၂၀၁၀ (ဗွီအိုအေ)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်က စစ်သားစုဆောင်းရေး ဗဟိုဌာန အပြင်ဘက်မှာ အသေခံ ပုံးခွဲတိုက်ခိုက်တာ ခံခဲ့ရတဲ့အတွက် အနည်းဆုံး လူ ၆၁ ဦး သေဆုံးပြီး ၁၂၅ ဦးကျော် ဒဏ်ရာရခဲ့တယ်လို့ အီရတ်အာဏာပိုင်တွေက ပြောပါတယ်။

ဘဂ္ဂဒက်မှာ စစ်သားစုဆောင်းရေးအတွက် အင်္ဂါနေ့ကို စာရင်းပေးဖို့ နောက်ဆုံးနေ့အဖြစ် သတ်မှတ်ထားတာမို့ တန်းစီနေကြတဲ့ လူအုပ်ကြီးကို ပစ်မှတ်ထားပြီး ပုံးခွဲ တိုက်ခိုက်ခဲ့တာလို့ ပြည်ထဲရေး ဝန်ကြီးဌာန အရာရှိတဦးက ပြောပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ် မွတ်ဆလင်တွေရဲ့ ဥပုသ်လ စတင်ခဲ့ချိန်ကစပြီး ဒါဟာ အသေအပျောက် အများဆုံး အတိုက်အခိုက် ခံခဲ့ရတာ ဖြစ်ပါတယ်။ ဒီဥပုသ်လအတွင်း တိုက်ခိုက်မှုတွေ တိုးပြီး လုပ်မယ်လို့ သူပုန်တွေက ခြိမ်းခြောက်ထားပါတယ်။

ဆက်ဒမ်ဟူစိန် (Saddam Hussein) လက်ထက်က ကာကွယ်ရေးဝန်ကြီးဌာန အဆောက်အဦးနေရာ အပြင်ဘက်မှာ အကြမ်းဖက်သမားတွေ အခုနောက်ဆုံး ပစ်မှတ်ထား တိုက်ခိုက်တဲ့နေရာဖြစ်ပြီး ဆက်တိုက် တိုက်ခိုက်မှုတွေနဲ့ အီရတ်လုံခြုံရေးတပ်တွေရဲ့ စိတ်ဓာတ်ကို စမ်းသပ်နေပါတယ်။

အမေရိကန်တပ်တွေ ဒီလကုန် အီရတ်က ထွက်ခွာမသွားခင် အီရတ်တပ်တွေဟာ လူအင်အား တောင့်တင်းလာဖို့အတွက် လုပ်ဆောင်နေပါတယ်။

အခုလို ပုံးခွဲတိုက်ခိုက်မှုတွေ ရှိနေပေမဲ့ အီရတ်နိုင်ငံက အမေရိကန်တပ်တွေ ဆုတ်ခွာပေးမယ့် ကိစ္စမှာ အပြောင်းအလဲတွေရှိမှာ မဟုတ်ဘူးလို့ အမေရိကန် သမ္မတ အိမ်ဖြူတော်က ပြောကြားပါတယ်။

# မန်စီးတီး တိုက်စစ်မှူး ရော်ဘင်ဟိုအား အေစီမီလန်အသင်း ယူရို ၁ဝသန်းဖြင့် အပြီးသတ်ခေါ်ယူ

အေစီမီလန် အသင်းသည် မန်စီးတီးအသင်းမှ ဘရာဇီးလ တိုက်စစ်မှူး ရော်ဘင်ဟိုအား ယူရို ၁ဝသန်းပေးကာ အပြီးသတ် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အစောပိုင်းက တစ်နှစ်အဌားဖြင့် ဦးစွာ ခေါ်ယူဖွယ်ရှိသည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း မီလန်အသင်းအနေဖြင့် ယူရို ၁ဝသန်းပေးကာ ၄နှစ် စာချုပ်တစ်ရပ်အား ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ကစားသမား၏ ခြေစွမ်းအပေါ်မူတည်၍ မန်စီးတီး အသင်းထံသို့ ထပ်မံပေးချေရမည်ဖြစ်သည်။

ရော်ဘင်ဟိုအား ခေါ်ယူနိုင်ခဲ့ခြင်းကြောင့် မီလန်အသင်း၏ တိုက်စစ်မှာ အလွန်အင်အားတောင့်တင်းလာခဲ့ပြီဖြစ်ပြီး အသစ်ခေါ်ယူထားသည့် အီဗရာဟင်မိုဗစ်နှင့်အတူ ရော်နယ်ဒင်ဟို၊ ပါတိုတို့မှာ ပြိုင်ဘက်အသင်း၏ နောက်တန်းများ အတွက် ကြောက်မက်ဖွယ် အင်အားစုတစ်ရပ် ဖြစ်လာတော့မည် ဖြစ်သည်။

**စစ်မှန်သည့် ဒီမိုကရေစီစနစ်အရ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေး ပြည်သူ့အားလုံးတွင် တာဝန်ရှိသည်။**

# ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးနေရာအတွက် တရုတ်နှင့် ဂျပန် အပြိုင်အဆိုင် ကြိုးပမ်းနေ

ယခုနှစ် ပထမနှစ်ဝက်တွင် ဂျပန်စီးပွားရေးသည် တရုတ်ထက် သာလွန်ကာ ကမ္ဘာ့ဒုတိယအကြီးဆုံး နေရာကို ဆက်လက်ရရှိခဲ့ကြောင်း ဂျပန်အစိုးရ တာဝန်ရှိသူတစ်ဦးက သြဂုတ်လ ၁၆ရက်နေ့တွင် ပြောကြားခဲ့သည်။

ဇူလိုင်လမှ ဇွန်လအတွင်း ဂျပန် ဂျီဒီပီသည် ဒေါ်လာ ၂ ဒသမ ၅၇၈ ထရီလျံ ရှိခဲ့ပြီး တရုတ်၏ ဒေါ်လာ ၂ ဒသမ ၅၃၂ ထရီလျံနှင့် နှိုင်းယှဉ်ပါက သာလွန်ခဲ့ကြောင်း ဂျပန် ဝန်ကြီးချုပ်ရုံးက ပြောကြားခဲ့သည်။

သို့သော် တရုတ်နိုင်ငံက ဂျပန်ကိုကျော်ကာ ကမ္ဘာ့ဒုတိယ အင်အားအကြီးဆုံး စီးပွားရေးဖြစ်ကြောင်း သြဂုတ်လ ၁၇ရက်နေ့တွင် ပြောကြားခဲ့သည်။ ဂျပန်၏ ဒုတိယသုံးလပတ် ဂျီဒီပီသည် ဒေါ်လာ ၁ ဒသမ ၂၈၈ ထရီလျံ ရှိခဲ့ပြီး တရုတ်၏ ဂျီဒီပီက ဒေါ်လာ ၁ ဒသမ ၃၃ဖ ထရီလျံ ရှိခဲ့ကြောင်း ဂျပန်အစိုးရ ကိန်းဂဏန်းများက ဆိုသည်။ ထို့ကြောင့် ဒုတိယသုံးလပတ်တွင် တရုတ်သည် ဂျပန်ကိုကျော်ကာ ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးဖြစ်ခဲ့သည်။ ဂျပန်က နှစ် ၄၀ကြာ ရယူထားသော ကမ္ဘာ့ ဒုတိယ အကြီးဆုံး စီးပွားရေးနေရာကို တရုတ်က ယခုနှစ်တွင် ရယူနိုင်ကြောင်း လေ့လာသူများက မျှော်မှန်းထားသည်။ ဂျီဒီပီနှင့် တွက်ချက်ပါက တရုတ်သည် ၂၀၀၇ ခုနှစ်တွင် ဂျာမနီကို ကျော်ကာ ကမ္ဘာ့တတိယ အကြီးဆုံး စီးပွားရေး ဖြစ်လာခဲ့သည်။

Elevenမှ ကူးယူဖော်ပြထားသည်။

# အီရတ်ကာ အမေရိကန်တပ်တွေ အပြီးသတ်ဆုတ်ခွာ

အီရတ်နိုင်ငံမှာ ရှိနေတဲ့ အမေရိကန်တိုက်ခိုက်ရေး တပ်ဖွဲ့တွေဟာ တရားဝင်ဆုတ်ခွာရမယ့်အချိန် ကျရောက်လာပါပြီ။

အီရတ်ဝန်ကြီးချုပ် နော်ရီအယ်လ်မာလိကီက အမေရိကန်တပ်ဖွဲ့တွေမရှိရင် အီရတ်နိုင်ငံ ရှင်သန်ရပ်တည်ဖို့ မဖြစ်နိုင်ဘူးလို့ ပြောတဲ့သူကို နိုင်ငံတော်ရဲ့ ရန်သူအဖြစ် သတ်မှတ်သွားမယ်လို့ ပြောလိုက်ပါတယ်။

ရုပ်မြင်သံကြား မိန့်ခွန်းတခုမှာ ဝန်ကြီးချုပ်အယ်လ်မာလိကီက အီရတ်နိုင်ငံဟာ အချုပ်အခြာအာဏာနဲ့ လွတ်လပ်ရေးပြန်လည်ရရှိခဲ့ပြီလို့ ပြောခဲ့ပါတယ်။

အီရတ်တပ်ဖွဲ့တွေနဲ့ ရဲအဖွဲ့ဟာ တိုင်းပြည်လုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်နိုင်တယ်လို့ မစ္စတာမာလိကီက ခုခံပြောဆိုနေတာလည်း ဖြစ်ပါတယ်။

တိုက်ခိုက်ရေးတပ်ဖွဲ့တွေ ရုပ်သိမ်းသွားပေမယ့် အကြံပေးနဲ့ အထောက်အကူပေးရေး အခန်းကဏ္ဍတွေမှာ ပါဝင်ဆောင်ရွက်ဖို့အတွက် အမေရိကန်တပ်ဖွဲ့ ငါးသောင်းဆက်လက်ရှိနေဦးမယ်လို့ဆိုပါတယ်။

သူ တို့အားလုံးကို နောက်နှစ်မှာ ရုပ်သိမ်းပေးသွားမယ်လို့ အမေရိကန်ဘက်က သဘောတူညီထားပြီး ဖြစ်ပါတယ်။ အမေရိကန်အစိုးရအနေနဲ့ အီရတ်ကို ဆက်လက်ထောက်ခံနေဦးမယ်ဆိုတာကို ပြသအာမခံဖို့အတွက် အမေရိကန် ဒုသမ္မတ ဂျိုးဘိုင်ডင် အီရတ်ကို ရောက်ရှိနေပါတယ်။

(ဘီဘီစီ)

**အီရတ်တပ်တွေ ဆုတ်ခွာဖို့ ပြင်ဆင်နေ**

# အခပ်ရှိ၍ ကျန်းမာရေးအတွက် မသင့်တော်သော ကျင်းထုံနှင့် Baby Care ခြင်ဆေးခွေများကို တားမြစ်ပိတ်သိမ်း

**သြဂုတ်လ ၅ရက်။** View clementzaw's blog

ထွန်းညီထားလျှင် ခြင်များ ပြုတ်ကျသေဆုံးသည်ကို တွေ့ရသဖြင့် ဈေးကွက်အတွင်း လူကြိုက်များနေသော တရုတ်နိုင်ငံလုပ် ကျင်းထုံခြင်ဆေးခွေနှင့် Baby Care ခြင်ဆေးခွေများတွင် အဆိပ်အာနိသင်ရှိသော ဓာတုပစ္စည်းများ ခွင့်ပြုထားသည်ထက် ပိုမိုပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် တားမြစ်ပိတ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

အဆိုပါ ခြင်ဆေးများသည် တရားဝင် မှတ်ပုံတင်ထားသော ခြင်ဆေးများ မဟုတ်ဘဲ ပါဝင်သော Meperfluthrim ဆိုတာ ဓာတုပစ္စည်းပမာဏမှာ သတ်မှတ်ထားသော ၀.၀၄ ရာခိုင်နှုန်းထက် ကျော်လွန်နေပြီး ကျင်းထုံခြင်ဆေးအနီးတွင် ၀.၁၁၅ ရာခိုင်နှုန်း၊ အပြာရောင်တွင် ၀.၆၄၁ ရာခိုင်နှုန်းအထိ ပါဝင်နေကြောင်း ဓာတ်ခွဲစမ်းသပ်မှုများအရ သိရသည်ဟု ကြားသိရသည်။

ထိုသို့ အဆိပ်ဓာတ် ပါဝင်မှုများသောကြောင့် ခြင်များကို ကျသေစေပြီး လူကြိုက်များနေသောကြောင့် ဈေးကွက်မှာ လိုက်လံသိမ်းဆည်းနေရကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ အဆိုပါခြင်ဆေးခွေသည် အခြားခြင်ဆေးခွေများထက် ပန်းနာရင်ကြပ်နှင့် အသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါများ အပေါ် ပိုဆိုးစေသော သက်ရောက်မှုရှိစေနိုင်ပြီး ကလေးသူငယ်များအနီး ထွန်းရန် လုံးဝမသင့်တော်ကြောင်း ၎င်းက ဆက်လက်ပြောကြားသွားသည်။

# ကမ္ဘာအဆင့်(၁) ဂေါက်သီးသမား တိုက်ဂါးဝုဒ်နှင့် ဆွီဒင်မော်ဒယ် အယ်လင်နော်ဒီဂရန်တို့၏ (၆)နှစ်ကြာ အိမ်ထောင်ရေးအဆုံးသတ်

ကမ္ဘာ့နံပါတ်(၁) ဂေါက်သီးသမား တိုက်ဂါးဝုဒ်နှင့် ဆွီဒင်မော်ဒယ်ဟောင်း အယ်လင်နော်ဒီဂရန်တို့၏ (၆)နှစ်ကြာ အိမ်ထောင်ရေးမှာ လုံးဝအဆုံးသတ်သွားခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။ အသက်(၃၄)နှစ်အရွယ်ရှိ တိုက်ဂါးဝုဒ်နှင့် (၃၀)နှစ်အရွယ်ရှိ အယ်လင်တို့သည် ၂၀၀၄ ခုနှစ်အတွင်းက လက်ထပ်ခဲ့ပြီး လက်ရှိအချိန်၌ ကလေး(၂)ဦး ရရှိထားကြောင်း သိရှိရသည်။

တိုက်ဂါးဝုဒ်သည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းက အမျိုးသမီးအမြောက်အမြားနှင့် လိင်အရှုပ်အထွေးများ ပေါ်ပေါက်ခဲ့ပြီးနောက် ယခုအချိန်တွင် ၎င်းတို့၏ အိမ်ထောင်ရေးကို အဆုံးသတ်ခဲ့ရသည့် အခြေအနေအထိ ရောက်ရှိသွားခဲ့ခြင်းဖြစ်သည်။ တိုက်ဂါးဝုဒ်သည် အယ်လင်နော်ဒီဂရန်အားလျော်ကြေးငွေအဖြစ် ဒေါ်လာသန်း(၁၀၀)အထိ ပေးချေခဲ့ရကြောင်းလည်း သိရှိရသည်။ အယ်လင်သည် တိုက်ဂါးဝုဒ်နှင့် လမ်းခွဲခွင့်ရရန်အတွက် ရှေ့နေ(၈)ဦးအထိ အသုံးပြုခဲ့ပြီး လျော်ကြေးငွေကိုလည်း ပိုင်ဆိုင်မှု၏ တစ်ဝက်တောင်းဆိုခဲ့ကြောင်း သိရှိရသည်။

တိုက်ဂါးဝုဒ်ကမူ ဒေါ်လာ (၃၉)သန်းခန့်သာ လျော်ကြေးပေးချေလိုသော်လည်း ဖလော်ရီဒါပြည်နယ်တရားရုံးမှ ဒေါ်လာသန်း(၁၀၀) (ပေါင် ၆၄.၄သန်း) ပေးချေရန် ဆုံးဖြတ်ခဲ့သည်ဟု အမေရိကန်မီဒီယာများက ဖော်ပြခဲ့သည်။ အယ်လင်သည် တိုက်ဂါးဝုဒ်နှင့် ကွာရှင်းရန် စာမျက်နှာ (၃)မျက်နှာပါ အချက်အလက်များနှင့်တကွ တင်ပြခဲ့ပြီး သူမသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလကတည်းက လမ်းခွဲရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်ဟု ပြောကြားခဲ့သည်။ ဖလော်ရီဒါတရားရုံးမှ ရှေ့နေများကမူ ၎င်းတို့လမ်းခွဲခဲ့အပြီး၌ "ယခုအမှုအတွက် ဆောင်ရွက်ရသည်မှာ အလွန်ခက်ခဲကြောင်း အနာဂတ်တွင် တိုက်ဂါးဝုဒ်နှင့် အယ်လင်တို့ အောင်မြင်မှုများရရှိရန် ဆုတောင်းပေးလိုက်ကြောင်း" ကြေညာထုတ်ပြန်ခဲ့သည်။

Weeklyမှ ကူးယူဖော်ပြထားသည်။

# Safeway Classic အမျိုးသမီးဂေါက်သီး ရိုက်ပြိုင်ပွဲတွင် ဂျပန်မှ မီယာဇာတို အနိုင်ရပိုလ်စွဲ

ဂျပန်အမျိုးသမီး ဂေါက်သီးမယ် မီယာဇာတိုသည် ကျင်းပပြီးစီးသွားခဲ့သည့် Safeway Classic ဂေါက်သီးရိုက်ပြိုင်ပွဲ၌ အနိုင်ရပိုလ်စွဲသွားခဲ့ကြောင်း သိရှိရသည်။

မီယာဇာတိုသည် ယင်းပြိုင်ပွဲ၌ ပိုလ်စွဲခဲ့ခြင်းအပါအဝင် ယခုနှစ်အတွင်း PGA Tour ပွဲစဉ်များ၌ (၅)ကြိမ်မြောက် အနိုင်ရပိုလ်စွဲခဲ့ခြင်းဖြစ်သည်။ သူမသည် တောင်ကိုရီးယားမှ နိုယောင်ချိုင်နှင့် အမေရိကန်မှ ခရစ္စတီးကားတို့ကို (၂)ချက်အသာဖြင့် အနိုင်ရပိုလ်စွဲသွားခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲမှာ (၅၄)ကျင်း (၃ရက်ပြိုင်ပွဲ) ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲဖြစ်ပြီး မီယာဇာတိုသည် စုစုပေါင်း ရိုက်ချက် (–၁၁) ရိုက်နိုင်ခဲ့သည်။ ယင်းပွဲတွင် ပိုလ်စွဲခဲ့ခြင်းအတွက် ဆုကြေးဒေါ်လာ (၂.၂၅)သိန်း ရရှိသွားခဲ့ပြီး ယခုနှစ်အတွင်း ဆုကြေးအများဆုံး ဂေါက်သီးမယ်စာရင်းတွင် ထိပ်ဆုံးသို့ ရောက်ရှိခဲ့သည်။ ထို့အတူ ကာလအတန်ကြာ ဝေးကွာနေသည့် ကမ္ဘာ့အဆင့်(၁) နေရာသို့လည်း ပြန်လည်ရောက်ရှိလာခဲ့ကြောင်း သိရှိရသည်။

Weeklyမှ ကူးယူဖော်ပြထားသည်။

# ရွှေပြန်လည်တူးဖော်မှုကြောင့် ရွာသား ၃၀၀ကျော် နေရပ်မှ ပြောင်းရွှေ့

ဖာပွန်ဒေသရှိ ဒီကေဘီအေ ရွှေတူးဖော်သည့်နေရာ

**သြဂုတ်လ ၉ရက်။**
**စောသိန်းမြင့် (ကေအိုင်စီ)**

ကရင်ပြည်နယ် ဖာပွန်ခရိုင်၊ ဒွယ့်လိုးမြို့နယ်တွင် ဒီကေဘီအေတပ်ဖွဲ့ဝင်များ ရွှေတူးဖော်မှုများ ဆက်လက်လုပ်ဆောင်ရာတွင် မြေမြှုပ်မိုင်းများ လိုက်လံထောင်ထားသဖြင့် ဒေသခံရွာသား ၃၀၀ကျော်မှာ ဗြေလမှစ၍ ယခုအချိန်ထိ နေရပ်စွန့်ခွာခဲ့ရသည်ဟု သိရသည်။

ထိုဒေသရှိ ကွီးဒေးလော၊ ဝါ့သိုးကလားနှင့် မယ်တဲကျေးရွာများမှ အဆိုပါ ရွာသူရွာသားများသည် ရွှေတူးဖော်ရန် ဒွယ့်လိုးမြို့နယ် မဲ့ကလယ်ချောင်းကမ်းနှစ်ဖက်တွင် ထောင်ထားသည့် ဒီကေဘီအေ တပ်မဟာ(၃၃၃)၊ (၆၆၆)၊ (၇၇၇)၊နှင့် (၉၉၉)တပ်ဖွဲ့ဝင်များ၏ လုံခြုံရေးအတွက် ထောင်ထားသည့် မိုင်းများကြောင့် ဥယျာဉ်ခြံများသို့ သွားလာလုပ်ကိုင် စားသောက်ရန် ခက်ခဲလာသဖြင့် ယခုလို ရပ်ရွာစွန့်ခွာရခြင်းဖြစ်ကြောင်း ကရင်ကျောင်းဆရာများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (KTWG)က ပြောသည်။

KTWGမှ သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဆရာအယ်ဒိုဝါးက "ဒီကေဘီအေတပ်ဖွဲ့တွေ မယ်ကလယ်ချောင်းမှာ ရွှေတူး၊ သစ်ဝါးတွေ ခုတ်တဲ့အပြင် ချောင်းနှစ်ဘက်ကမ်း ပတ်ပတ်လည်မှာလည်း မြေမြှုပ်မိုင်းတွေ ထောင်ထားတဲ့အတွက် ရွာသားတွေ ရွာပြင်ထွက်ပြီး ဘယ်လိုမှ လုပ်စားကိုင်စားလို့ မရတော့ဘူး။ ဒါကြောင့် ဒီနှစ် ဗြေလကနေစပြီးတော့ ဒီရက်ပိုင်းအချိန်ထိ ဆိုရင် အဲဒီရွာသုံးရွာက ရွာသား ၃၇၀ ကျော်ဟာ သူတို့ရဲ့ အိုးအိမ်၊ အလုပ်အကိုင်တွေ ချန်ထားပြီးတော့ တခြားရွာကို ပြောင်းရွှေ့သွားကြကုန်ပြီ"ဟု ပြောသည်။

ယင်းသို့ ပြောင်းရွှေ့လာကြသူများထဲတွင် ရွာသုံးရွာ၏ မူလတန်းကျောင်း ၃ကျောင်းမှ ကျောင်းသူ ကျောင်းသား (၈၀) ကျော် ပါဝင်ပြီး နေရပ်စွန့်ခွာ လာကြသူများနှင့်အတူ ဒွယ့်လိုးမြို့နယ်ရှိ နီးစပ်ရာ ကျေးရွာများတွင် ပြောင်းရွှေ့သွားသလို သထုံခရိုင်၊ ဘီးလင်းမြို့နယ်ရှိ ကျေးရွာများတွင် ပြောင်းရွှေ့သွားသည်ဟု ၎င်းက ဆက်ပြောသည်။

ထိုကိစ္စနှင့် ပတ်သက်၍ ဒီကေဘီအေ တပ်မဟာ(၉၉၉)မှ ထိပ်ပိုင်းအရာရှိတစ်ဦးကို ကေအိုင်စီမှ ဆက်သွယ်မေးမြန်းရာတွင် မိမိအနေဖြင့် မသိရှိရကြောင်း တုန့်ပြန်ဖြေကြားသည်။

၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် ဒီကေဘီအေ (၉၉၉) တပ်မဟာ ဗျူဟာမှူး ဗိုလ်မှူးကြီး စောချစ်သူ ဦးဆောင်သည့် အင်အား ဖဝဝခန့်ရှိ တပ်မဟာ(၅၅၅)၊ (၃၃၃) နှင့် (၆၆၆) လက်အောက်ခံ တပ်ရင်းများသည် ဖာပွန်ခရိုင်ရှိ အဆိုပါ ဒေသတွင် ကုမ္ပဏီအချို့နှင့်အတူ ရွှေတူးဖော်ရေး စက်ပစ္စည်းများ၊ ထရပ်ကားကြီးများနှင့် ရောက်ရှိလာပြီး ရွှေစတင်တူးပြီး မကြာမီ ကေအဲန်ယူ တပ်မဟာ(၅) တပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် ခေတ္တရပ်ဆိုင်းသွားကာ ပြီးခဲ့သည့်နွေအကုန်မှ ပြန်လည်တူးဖော်လာခြင်း ဖြစ်သည်။

# နယ်စပ်မတည်ငြိမ်မှုကြောင့် ရွာသူရွာသားအချို့ ထိုင်းနိုင်ငံဘက်ခြမ်းသို့ ထပ်မံရွှေ့ပြောင်းလာ

**သြဂုတ်လ ၅ရက်။**
**နန်းထူးစံ (ကေအိုင်စီ)**

ကေ၃ကရိတ်မြို့နယ်၊ ဝေါ်လေဂွင်မှ ရွာသူရွာသားများသည် ထိုင်း–မြန်မာနယ်စပ် အခြေအနေ တည်ငြိမ်မှုမရှိသည့်အတွက်ကြောင့် ထိုင်းနိုင်ငံဘက်ခြမ်းသို့ ယမန်နေ့က ထပ်မံရွှေ့ပြောင်းရောက်ရှိလာပြန်သည်ဟု သိရသည်။

ထိုင်း–မြန်မာနယ်စပ်၊ ဝေါ်လေဂွင်ရှိ ဘလယ့်ဒို့၊ လေးဝေါ်နှင့် သေ့ဘောဘိုးကျေးရွာမှ ရွာသူရွာသားအချို့သည့် ၎င်းတို့ဒေသတွင် တိုက်ပွဲဖြစ်ပွားမည်ကို တွေးကြောက်ပြီး ယမန်နေ့မှစ၍ ထိုင်းနိုင်ငံ၊ ဖုတ်ဖရမ်မြို့နယ် မော်လီချိုင်းကျေးရွာအတွင်းသို့ ထပ်မံထွက်ပြေးရောက် ရှိလာခြင်းဖြစ်သည်ဟု မော်လီချိုင်းရွာသူတစ်ဦးက ကေအိုင်စီကို ပြောသည်။

သူမက "ရွာသားတွေကတော့ မနေ့ကတည်းက ဝင်လာတာ။ ဒီနေ့လည်း ထပ်ဝင်လာတယ်။ ထိုင်းစစ်တပ်က ပေးမဝင်ဘူးလေ။ ဒီမနက် ချောင်းနံဘေးမှာဆို အထုပ်အပိုးတွေချည်းပဲ။ အသိတွေ၊ ဆွေမျိုးတွေရှိတဲ့သူတွေက သူတို့ဆွေမျိုးတွေ အာမခံပေးလို့ ဝင်လာလို့ရတယ်။ အခုလာတာ ကလေးငယ်တွေ၊ သားသည်မိခင်တွေ၊ လူကြီးအိုမတွေပဲများတယ်။ အားလုံး ၁၀၀ ကျော်လောက်ရှိမယ်"ဟုပြောသည်။

ထို့အပြင် "ရွာသူရွာသားတွေရဲ့ ပြောပြချက်အရ သူတို့ကျေးရွာမှာရှိတဲ့ ဒီကေဘီအေ မိသားစုတွေ မိသားစုအလိုက် ပြောင်းရွှေ့ထွက်သွားတော့ အခြေအနေ သိပ်မကောင်းဘူးဆိုပြီး သူတို့လည်း ထိုင်းဘက်ကို ရွှေ့လာတာဖြစ်တယ်။ နအဖ တပ်တွေကလည်း သွားလိုက်လာလိုက်နဲ့ အဲဒီအခြေအနေရဆိုရင်တော့ နအဖနဲ့ ဒီကေဘီအေကြား၊ ဒါမှမဟုတ် ကေအဲန်ယူနဲ့ နအဖကြား တိုက်ပွဲဖြစ်လာနိုင်ဖွယ်ရှိတယ်လို့ ပြောကြားတယ်"ဟု ထိုမော်လီချိုင်းရွာသူက ပြောသည်။

ယင်းသို့ ထွက်ပြေးလာသည့် ရွာသူရွာသားများသည် ထိုင်းစစ်တပ်အာဏာပိုင်များက ထိုင်းနိုင်ငံအတွင်းသို့ ဝင်ခွင့်မပေးသည့်အတွက် အချို့မှာ ရွာသူရွာသားများက မော်လီချိုင်းကျေးရွာ၏ တဘက်ကမ်း သေ့ဘောဘိုးကျေးရွာ သောင်ရင်းမြစ်ကမ်းနံဘေးတွင် နေထိုင်ကြရသည်ဟု သိရသည်။

နယ်စပ်အခြေအနေကို မျက်ခြေမပြတ် စောင့်ကြည့်နေသည့် ထိုင်းအာဏာပိုင်တစ်ဦးက "လာမဲ့ ၁၀ရက်မှာ ဗိုလ်နှုတ်ခမ်းမွေး လက်မှတ်မထိုးရင် တိုက်ပွဲဖြစ်လာနိုင်တော့ ရွာသားတွေက ကြိုထွက်ပြေးလာတာဖြစ်တယ်။ ကလေး၊ မိန်းမနဲ့ အသက်ကြီးသူတွေ များတယ်။ ထိုင်းစစ်တပ်ကတော့ တိုက်ပွဲမဖြစ်သေးဘဲ ထွက်လာတော့ လက်မခံချင်ဘူးလေ။ ဒါကြောင့် ပေးမဝင်တာ ဖြစ်တယ်"ဟု ပြောသည်။

စစ်ဘေးဒဏ်ကြောက်၍ ထွက်ပြေးလာသူ ထိုရွာသူရွာသားများသည် ဇူလိုင်လ ၂၅ရက်နေ့က ၎င်းတို့ဒေသအတွင်း ဒီကေဘီအေ တပ်မဟာ(၅)နှင့် နအဖ စစ်တပ်တို့ တိုက်ပွဲဖြစ်လာနိုင် သည့် အနေအထားကြောင့် ထိုင်း နိုင်ငံ၊ တာ့ခ်ခရိုင်၊ ဖုတ်ဖရမ်မြို့နယ်ရှိ မောကဲထ၃နှင့် မော်လီချိုင်းကျေးရွာများသို့ တစ်ရက်ကြာ တိမ်းရှောင် ရောက်ရှိလာခဲ့ပြီး ဖြစ်သည်။ ❑

ထွက်ပြေးရောက်ရှိလာသည့် ဝေါ်လေဒေသမှ ရွာသားများ

# နအဖနှင့် ဒီကေဘီအေကြား တိုက်ပွဲဖြစ်ပွား

**သြဂုတ်လ ၅ရက်။**
**စောသိန်းမြင့် (ကေအိုင်စီ)**

ကရင်ပြည်နယ်၊ ကေ၃ကရိတ်မြို့နယ်အတွင်း ယမန်နေ့က နအဖ စစ်အစိုးရတပ်များနှင့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (ဒီကေဘီအေ) တပ်ဖွဲ့ဝင်တို့ကြား တိုက်ပွဲဖြစ်ပွားခဲ့သည်ဟု ကေအိုင်စီက စုံစမ်းသိရှိရသည်။

ယမန်နေ့ည (၇)နာရီခန့်တွင် ဒီကေဘီအေ တပ်မဟာ(၉၉၉)မှ တပ်ဖွဲ့ဝင်များသည် လက်နက်ပစ္စည်းများနှင့်အတူ ကားဖြင့် ကေအဲန်ယူ တပ်မဟာ(၆)သို့ သွားရန် တပ်မဟာ(၆)နှင့် (၇)စပ်ကြားရှိ ကေ၃ကရိတ်–မြဝတီကားလမ်း၏ အောက်ဘိုတဲဂိတ်မှ နအဖ စစ်တပ်များက သွားခွင့်မပြုခဲ့သည့်အတွက် အချင်းများရာမှ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း နီးစပ်သူတစ်ဦးက ပြောသည်။

၎င်းက "ကေအဲန်ယူ တပ်မဟာ(၆)ဘက်ကို သွားမယ့် (၉၉၉) တပ်ဖွဲ့ကို အောက်ဘိုတဲအရောက်မှာ ဂိတ်မှာရှိတဲ့ နအဖတပ်က သွားခွင့်မပေးဘူး။ အဲဒီတော့ ဒီကေဘီအေဘက်က သေနတ်ဖောက်တော့ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့တယ်လို့ သိရတယ်။ နအဖဘက်က ၅ယောက်လောက်သေတယ်လို့ ကျနော်တို့ ကြားတာပဲ။ ဒီကေဘီအေဘက်က ထိခိုက်ဒဏ်ရာရတဲ့အထိ လောက်ပဲ ဖြစ်တယ်"ဟု ပြောသည်။

အဆိုပါတိုက်ပွဲသည် ဒီကေဘီအေ တပ်မဟာ(၅)နှင့် တပ်မဟာ(၉၉၉) တပ်ဖွဲ့ဝင်တို့ကြား ပစ်ခတ်မှုဖြစ်ကြောင်း နယ်မြေခံများက ပြောဆိုနေကြသည်သော်လည်း ၎င်းပစ်ခတ်မှုသည် ဒီကေဘီအေ တပ်ဖွဲ့ဝင်အချင်းချင်း ဖြစ်ပွားခြင်းမဟုတ်ကြောင်း ဒီကေဘီအေ တပ်မဟာ(၅)မှ ထိပ်တန်းအရာရှိတဦးက အတည်ပြုပြောကြားသည်။

သူက "တိုက်ပွဲဖြစ်တာ ကတော့ မှန်ပါတယ်။ ဒါပေမယ့် ကျနော်တို့လူတွေကို လှမ်းမေးကြည့်တော့ သူတို့နဲ့ဖြစ်တာ မဟုတ်ဘူး။ (၉၉၉)တပ်ဖွဲ့နဲ့ နအဖတို့ကြား အပြန်အလှန် ပစ်ခတ်ကြတာပါ"ဟု ကေအိုင်စီကို ပြောသည်။

အလားတူ ယနေ့မနက် ပိုင်းတွင်လည်း ကေ၃ကရိတ်မြို့အနီး၌ နအဖနှင့် ဒီကေဘီအေတို့ကြား ပစ်ခတ်မှုတခု ထပ်မံဖြစ်ပွားခဲ့ရာ ထိခိုက်သေဆုံးမှုများ ရှိခဲ့သည်ဟု အပစ်ရပ်အဖွဲ့များ၏ သတင်းရပ်ကွက်များမှ ကြားသိရသည်။

အမည်မဖော်လိုသူ ဒီကေဘီအေ အဖွဲ့ဝင်တစ်ဦးက "ဒီနေ့ဟာ တိုင်းမျှားလာမယ်ဆိုလို့ ကားလမ်းတွေက ဂိတ်တွေကလည်း လမ်းကင်းတွေ ချထားတယ်။ ဒီနေ့မနက် ၁၀နာရီလောက်မှာ ကေ၃ကရိတ်ကနေ တက်လာတဲ့ စစ်ကားတန်းကို ဒီကေဘီအေ (၉၀၂)က ပစ်ခတ်တယ်လေ။ ဒါပေမဲ့ အဲဒီနေရာမှာ လမ်းကင်းရှင်းတဲ့ စစ်သားနှစ်ယောက် ပုံးထိသွားတယ်လို့ ကြားတယ်"ဟု ဆိုသည်။

လက်ရှိအချိန်တွင် ထိုပစ်ခတ်မှုအတွင်း နအဖဘက်မှ ဒဏ်ရာရ စစ်သည်များကို ကေ၃ကရိတ်ဆေးရုံကြီးတွင် ကုသမှုခံနေရကြောင်း မြို့ခံပြည်သူတစ်ဦးက ပြောသည်။

ယမန်နေ့ ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၃နာရီခန့်တွင် အရေးပေါ်ကား ၃စီး ဖားအံဘက်ကို မောင်းနှင်သွားကြောင်းနှင့် အဂ်ါနေ့ကလည်း မိုးကာတာလပတ်များ အလုံပိတ်ထားသည့် စစ်ကား ၅စီးလည်း ဖားအံဘက်ကို အပြင်းမောင်းနှင်သွားကြောင်း ကိုယ်တိုင်မြင်တွေ့ခဲ့သည့် ဖားအံမြို့နယ်၊ မြိုင်ကလေး ကျေးရွာသူတစ်ဦးက ပြောသည်။

ယခုလို နအဖ စစ်တပ်ကားများ ပုံမှန်ထက် ထူးခြားစွာ ကရင်ပြည်နယ်ထဲသို့ ဝင်ရောက်လာခြင်းမှာ နယ်စပ်ဒေသဘက်တွင် တိုက်ပွဲများဖြစ်လာနိုင်မည့် အလားအလာများ ရှိသည်ဟုလည်း ကရင်ပြည်နယ်အတွင်းရှိ ပြည်သူများက ဝေဖန်ပြောဆိုနေကြသည်။ ❑

**စစ်မှန်သည့် ဒီမိုကရေစီစနစ်အရ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေး ပြည်သူ့အားလုံးတွင် တာဝန်ရှိသည်၊**

# မြဝတီတွင် ဗုံးပေါက်ကွဲ ၂ဦး သေပြီး ၇ဦးဒဏ်ရာရ

**သြဂုတ်လ ၆ရက်။**
**(ကေအိုင်စီ)**

ထိုင်း–မြန်မာနယ်စပ် မြဝတီမြို့တွင် ယနေ့ည မြန်မာစံတော်ချိန် ၈နာရီခွဲခန့်၌ ဗုံးတစ်လုံး ပေါက်ကွဲရာ ၂ဦးပွဲချင်းပြီး သေဆုံးကာ ၇ဦး ဒဏ်ရာရှိသွားခဲ့သည်ဟု ကေအိုင်စီက စုံစမ်းသိရှိရသည်။

မြဝတီမြို့နေ အမျိုးသမီးတစ်ဦးက "ဗုံးပေါက်တယ်လေ။ ဘုရင့်နောင်လမ်းမက ညစျေးဘက်မှာ။ သစ်သီးဆိုင်ရှေ့မှာ ဖြစ်တာ။ ၂ယောက်ကတော့ တစစီ လွှင့်စင်ထွက်သွားတာ ပွဲချင်းပြီးပဲ။ ဆိုင်ကယ်နှစ်စီးတော့ ပျက်စီးသွားတယ်"ဟု ဆိုသည်။

"ဗုံးကတော့ ပေါက်တာ အတော်ကျယ်တယ်။ ကြည့်ရတာ အတော်ပြင်းမဲ့ပုံပဲ။ မြဝတီတစ်မြို့လုံး မကြားတဲ့သူ မရှိဘူး"ဟု ကုန်သည်တစ်ဦးက ပြောသည်။

ဖြစ်ပုံမှာ မြဝတီမြို့ ဘုရင့်နောင်လမ်းမရှိ မွေးမြူရေးဘဏ်အနီး၌ သစ်သီးဆိုင်ရှေ့တွင် သစ်သီးဝယ်ရန်လာသည့် ရှမ်းလေးဆိုသူတို့လင်မယားသည် ဆိုင်ကယ်ကို ရပ်ခိုက်ထားတို့နောက်နားတွင် ပြောက်ကျားအင်္ကျီဝတ်လူနှင့် အဌားဆိုင်ကယ်သမားရောက်ရှိလာပြီးမှ ဗုံးထပေါက်ခြင်းဖြစ်သည်ဟု သိရသည်။

ပေါက်ကွဲမှုကြောင့် ပွဲချင်းပြီး သေဆုံးသွားသူနှစ်ဦးအနက် တစ်ဦးမှာ မမှတ်မိနိုင်လောက်အောင် ဖြစ်သွားပြီး ပြောက်ကျားအင်္ကျီ ဝတ်ဆင်ထားသူမှာ ကိုယ်အထက်ပိုင်းလွှင့်တက်သွားပြီး အောက်ပိုင်းမှာ တစစီ ဖြစ်သွားသည်ဟု မြင်တွေ့သူများက ပြောသည်။

မြဝတီဆေးရုံသို့ ရောက်ရှိလာသည့် လူနာ ၇ဦးနှင့် ပတ်သက်၍ နီးစပ်သူတစ်ဦးက ယခုလို ပြောသည်။ "လူနာက ၇ယောက်လေ။ အတွင်းလူနာက ၄ယောက်ရှိတယ်။ ဒဏ်ရာနည်းနည်းပါးပါးရတဲ့ လူနာ ၃ယောက်ကတော့ ဆေးထည့်ပြီး ပြန်သွားပြီ"ဟု ဆိုသည်။

ယခု ဗုံးပေါက်ကွဲမှုမှာ မည်သူ့လက်ချက်ဖြစ်မှန်း မသိရသေးသော်လည်း လက်ရှိအချိန်တွင် မြဝတီမြို့တွင်း၌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ဒုတိုင်းမှူး ဗိုလ်မှူးချုပ် ဇော်မင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန အထူးစစ်ဆင်ရေးမှူး ဒုဗိုလ်ချုပ်ကြီး ခင်ဇော်တို့ ရောက်ရှိနေပြီး နေ့ခင်းကပင် နယ်စပ်ဂိတ်များကို သွားရောက်စစ်ဆေးခဲ့သေးသည်။ ❑

# ကေအဲန်ယူ၏ တိုက်ခိုက်မှုကြောင့် နအဖ ၂၂ဦး ထိခိုက်သေဆုံး

**သြဂုတ်လ ၃ရက်။**
**စောသိန်းမြင့် (ကေအိုင်စီ)**

ကရင်ပြည်နယ်၊ ဖားအံခရိုင်၊ ပိုင်ကျုံမြို့နယ်၌ ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ)က သေတဲ့အထဲမှာ ဒုတပ်ရင်းမှူးတစ်ယောက် ပါတယ်။ ကျနော်တို့ဘက်က ထိခိုက်သေဆုံးတာတော့ မရှိဘူး"ဟု ပြောသည်။

နာရီဝက်ကြာသည့် အ

ကေအဲန်အယ်လ်အေ တပ်သားအချို့

နအဖ စစ်တပ်ကို ယနေ့ခြုံခိုတိုက်ခိုက်ရာ နအဖဘက်က ၈ဦးသေဆုံးပြီး ၁၄ဦး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

ယနေ့ နေ့လည် မွန်းတည့်အချိန်တွင် ပူးလူးစခန်း အခြေစိုက် နအဖ စစ်ကွပ်ကဲရေးဌာနချုပ် စကခ(၁၉) လက်အောက်ခံ ခလရ(၆၂) တပ်ရင်းသည် စေးဖိုးခီးဂွင်အတွင်း လှုပ်ရှားနေသော ကေအဲန်အယ်လ်အေ တပ်ရင်း(၂၂)ကို ရှင်းလင်းရန် ဝင်ရောက်လာရာတွင် အဆိုပါ ကေအဲန်အယ်လ် အေတပ်က စောင့်ပစ်ကာ ယင်းသို့ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ကေအဲန်ယူ၊ ဖားအံခရိုင် ဥက္ကဋ္ဌ ပဒိုစောအောင်မော်အေးက ယခုလို ပြောသည်။

ၔင်းက "ဒီနေ့ နေ့လယ် (၁၂)နာရီတိတိမှာ စေဖိုးခီးဂွင်မှာ လှုပ်ရှားနေတဲ့ ကျနော်တို့ တပ်ရင်း(၂၂)ကို ရှင်းလင်းဖို့အတွက် ရောက်လာတဲ့ နအဖ စကခ(၁၉)၊ ခလရ(၆၂) တပ်ရင်းကို ကျနော်တို့ဘက်က အပိုင်သွား စောင့်ပစ်တော့ နအဖဘက်က ၈ယောက် ပွဲချင်းပြီး သေတယ်။ ၁၄ဦး ဒဏ်ရာရသွားတယ်။ ဆိုပါ၊ တိုက်ပွဲဖြစ်ပွားပြီးနောက် ပြန်လည်ဆုတ်ခွာသွားခဲ့သည့် နအဖ တပ်ဖွဲ့သည် ၎င်းတို့၏ ဒဏ်ရာရစစ်သည်များကို ထမ်းပိုးရန်အတွက် စေဖိုးခီးနှင့် မဲ့လာအားခီးမှ ရွာသား ၂၀ဦးကို ဆင့်ခေါ်ခဲ့ပြီး တာလေစခန်းသို့ ထွက်ခွာသွားသည်ဟု သိရသည်။

ယင်းသို့ နအဖတပ်များ၏ ဒဏ်ရာရတပ်ဖွဲ့ဝင်များကို ယခုညဦးပိုင်းအချိန်ထိ မြဝတီမြို့နှင့် ရွှေကုက္ကိုကျေးရွာရှိ ဆေးရုံများသို့ လည်း ပြန်လည်သယ်ယူလာခြင်း မရှိသေးကြောင်း စုံစမ်းသိရသည်။

ဖားအံခရိုင်အတွင်း ဇူလိုင်လနှင့် သြဂုတ်လဆန်းပိုင်းအထိ နအဖနှင့် ကေအဲန်ယူတို့ကြား ၄ ကြိမ်တိုက်ပွဲဖြစ်ပွားခဲ့ရာ ယခုအကြိမ်သည် နအဖဘက်က ထိခိုက်ကျဆုံးမှု အများဆုံးဖြစ်ပြီး နအဖ စကခ(၁၉) လက်အောက်ခံ တပ်ရင်း(၁၀)၊ ဒီကေဘီအေ (၉၉၉) တပ်မဟာ လက်အောက်ခံ တပ်ရင်းနှင့် ကေအဲန်ယူ တပ်မဟာ(၇)မှ တပ်ရင်းများ အခြေစိုက် လှုပ်ရှားလျှက်ရှိသည်။ ❑

# အပစ်ရပ်ဂိတ်များမှ ကရင်အလံများကို စစ်တပ်မှ ဖြုတ်ယူသိမ်းဆည်း

**သြဂုတ်လ ၅ရက်။**
**နန်းဖော့ဂေ (ကေအိုင်စီ)**

ကရင်ပြည်နယ်အတွင်းရှိ အပစ်ရပ်ကရင်အဖွဲ့အစည်းများ၏ ဂိတ်နေရာများ၊ စခန်းနေရာများတွင် တပ်ဆင်ထောင်ထားသည့် ကရင်အမျိုးသားအလံများကို နအဖ စစ်အစိုးရတပ်များက ဖြုတ်ယူသိမ်းဆည်းရန် ယနေ့အမိန့်ထုတ်လိုက်သည်ဟု သိရသည်။

ဒီကေဘီအေတပ်ဖွဲ့ဝင် တစ်ဦးက "ကရင်အလံတွေကို ဖြုတ်ရမယ်လို့ ဒီနေ့မနက် ၉း၃၀ မှာပဲ အမိန့်ထုတ်တယ်။ သိမ်းတာကတော့ အခု မွန်းလွဲပိုင်း ၃နာရီလောက်မှာပေါ့နော်။ ရှိသမျှအလံတွေကို အကုန်လိုက်ဖြုတ်ယူလိုက်တာ။"ဟု ကေအိုင်စီကို အတည်ပြု ပြောဆိုသည်။

စစ်အစိုးရက နယ်ခြားပြဿနာဖြေရှင်းရန် နေပြည်ထောင်မှ တိုက်ရိုက်တာဝန်ပေးထားသည့် စစ်ကွပ်ကဲရေးဌာနချုပ် (၁၂)မှူး ဗိုလ်မှူးကြီးခင်မောင်ဌေးက အဆိုပါ အမိန့်ကို ထုတ်ပြန်ခြင်းဖြစ်သည်ဟု ဒီကေဘီအေ အသိုင်းအဝိုင်း၏ ပြောပြချက်များအရ သိရသည်။

ကရင်အလံများကို ဖြုတ်သိမ်းရာတွင် ကရင်ပြည်နယ်၊ မြဝတီမြို့အပြင် ကော့ကရိတ်၊ ဖားအံမြို့များ၌လည်း လုပ်ဆောင်လျှက်ရှိကြောင်း အမည်မဖော်လိုသူ ကော့ကရိတ်မြို့ခံတစ်ဦးက ပြောသည်။ "ဟုတ်တယ်။ ကော့ကရိတ်မှာ လည်း ဒီကေဘီအေ၊ ငြိမ်းချမ်းရေးနေရာတွေက ကရင်အလံတွေကို ဖြုတ်ခိုင်းထားတယ်။"ဟု ဆိုသည်။

(၉၉၉)ဂိတ်မှ ဒီကေဘီအေတစ်ဦးက "ကိုယ့်ဂိတ်မှာ ရှိနေတဲ့ ကရင်အလံကို လာဖြုတ်လိုက်တာကို မြင်ရတာ ကျနော့်ရင်ထဲမှာ ဟိုး ဘိုးဘွားဘီဘင်က ရှိထားခဲ့တဲ့ အရာတစ်ခုကို လာဆွဲနှုတ်လိုက် သလိုပဲ"ဟု အသံတုန်ဖြင့် ပြောသည်။

ကရင်အပစ်ရပ် အဖွဲ့များက တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (ဒီကေဘီအေ)၊ ကရင်ငြိမ်းချမ်းရေးကောင်စီ၊ ဟောင်သရောအထူးဒေသ၊ ဘုရားကုန်းငြိမ်းချမ်းရေးအဖွဲ့၊ သံတောင်အထူးဒေသ စသည့်အဖွဲ့များပါဝင်သည်။

ယင်းသို့ ကရင်အလံများကို ဖြုတ်ခိုင်းခြင်းသည် နအဖ တပ်ဖက်ဆိုင်ရာ အရာရှိများ လာရောက်မည်ဖြစ်သည့်အတွက် အလံကို ယာယီချထားခိုင်းခြင်းသာ ဖြစ်သည်ဟုလည်း ငြိမ်းချမ်းရေးကောင်စီဂိတ်မှ အဖွဲ့ဝင်တစ်ဦးက ကေအိုင်စီကို ယခုလို ပြောသည်။

"အလံကို ဖြုတ်ခိုင်းတာ မဟုတ်ဘူး။ လူကြီးလာမယ်ဆိုလို့ အလံကို ခဏချခိုင်းထားတာ။ ဒီနေ့လည်ပဲ စအဖ အမည်နဲ့ ကိုယ်စားလှယ်တွေက ဂိတ်တွေကို လိုက်ပြောနေတာ။ တချို့ဂိတ်တွေ မချသေးပါဘူး။ ကျနော်တို့ ငြိမ်းချမ်းရေးကောင်စီဂိတ်ဖြစ်တဲ့ ကျောက်ဖျာဂိတ်ကတော့ လူကြီးလာကြည့်မယ်ဆိုလို့ အခုတော့ အလံချထားပါတယ်။"ဟု ဆိုသည်။

နယ်ခြားစောင့်တပ်ကို လက်မခံသည့် ဗိုလ်မှူးကြီးစောလားပွယ်တပ်ဖွဲ့မှာ တပ်မှူးတစ်ဦးက "ဒါကတော့ သူတို့ကံကြမ္မာ သူတို့ဖန်တီးမှာပဲလေ။ စောဘဦးကြီးပြောသွားလိုပဲ ကရင့်ကံကြမ္မာ ကရင်ဖန်တီးမယ်လေ။ ကျနော်တို့ အခြေစိုက်တဲ့နေရာကိုတော့ ကျနော်တို့ရဲ့ အမျိုးသားအလံတော်ကို အမြဲတမ်း စိုက်ထူသွားမယ်။"ဟု ကေအိုင်စီကို ပြောသည်။

ယခုလ ၃ရက်နေ့ကလည်း အပစ်ရပ်အဖွဲ့အစည်းများကို မြို့တွင်း ဝင်ထွက်သွားလာပါကယူနီဖောင်းမဝတ်ရန်၊ လက်နက်များ ကိုင်ဆောင်မသွားရန်နှင့် မိမိတို့ တပ်စခန်းအတွင်း၌သာ လက်နက်ကိုင်ဆောင်ရန် စစ်တပ်မှ ညွှန်ကြားထားမှုများ ရှိခဲ့သည်။

ၔင်းအပြင် နယ်ခြားစောင့်တပ်ကို လက်ခံထားသည့် (၉၉၉) တပ်မဟာ တပ်ဖွဲ့ဝင်များကိုလည်း လာမည့် ၁ဖေဖော်နေ့တွင် မြဝတီမြို့၌ တံဆိပ်တပ်ဆင်ကာ နယ်ခြားစောင့်တပ် အသွင်ပြောင်းပေးသွားမည် ဖြစ်ကြောင်း မြဝတီမြို့ခံများအတွင်း ပြောဆိုနေကြသည်။

ဒီကေဘီအေ ကလို့ထူးဘောဗျူဟာမှူး ဗိုလ်မှူးစောမုတ်သုန်ကလည်း ယခုလ ၂ရက်နေ့က နယ်ခြားစောင့်တပ်ကို လက်ခံခဲ့ပြီး မြဝတီရှိ ၎င်း၏ ဗျူဟာရုံးတွင် နအဖ စစ်တပ်များက နယ်ခြားစောင့်တပ် လက်ခံသည့် ဒီကေဘီအေတပ်ဖွဲ့ဝင်များ လာရောက်လက်မှတ်ထိုးရန် နေရာယူကာ လုပ်ဆောင်ပေးလျှက်ရှိသည်ဟု သိရသည်။

ကိုယ်တိုင်မြင်တွေ့သူ အမျိုးသမီးတစ်ဦးက "ဗျူဟာရုံးလုပ်ထားတဲ့ ဗိုလ်မှတ်သုန်အိမ်မှာ စစ်သားတွေက ဝင်နေနေတာ ၃ရက်လောက်တော့ရှိပြီ။ အခြား ဒီကေဘီအေကားတွေကလည်း တစ်စီးပြီး တစ်စီး သူ့လူတွေကို အပြည့်တင်လာပြီး တစ်ယောက်ချင်း လက်မှတ်ထိုးတာတွေ လုပ်တယ်လေ။ ကာယကံရှင်(ဗိုလ်မှတ်သုန်)ကိုတော့ သူ့ဂိတ်တွေမှာတွေ့တာပဲ"ဟုပြောသည်။

လက်ရှိအချိန်တွင် ကမ်းရိုးတန်းတိုင်းမှူး ဒုဗိုလ်မှူးကြီးခင်ဇော်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းတို့ မြဝတီ၌ ရောက်ရှိနေပြီဖြစ်ကြောင်းလည်း အပစ်ရပ်အဖွဲ့အစည်းများနှင့် မြို့ခံများက ပြောဆိုနေကြသည်။

ထိုင်း–မြန်မာနယ်စပ်ကို စည်းခြားထားသည့် သောင်ရင်းမြစ်၏ မြစ်ကမ်းနားကို ယခင်က စစ်ကွပ်ကဲရေးဌာနချုပ်–စကခ (၁၉)မှူး ဗိုလ်မှူးကြီး သန်းနိုင်ဝင်းက တာဝန်ယူခဲ့သော်လည်း ပြီးခဲ့လကုန်ရက် ၃၀ရက်နေ့မှစ၍ စကခ(၁၂)မှူး ဗိုလ်မှူးကြီး ခင်မောင်ဌေးကို လွှဲပြောင်းတာဝန် ပေးအပ်လိုက်ပြီဖြစ်ကြောင်း နယ်စပ်သတင်းများအရ သိရသည်။

**စစ်မှန်သည့် ဒီမိုကရေစီစနစ်အရ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေး ပြည်သူ့အားလုံးတွင် တာဝန်ရှိသည်၊**

# ရွှေ့ပြောင်းကျောင်းသားများ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲ စည်ကားစွာ ကျင်းပ

**ဩဂုတ်လ ၂၃ရက်။**
**နော်ဖြူဖြူသင်း (ကေအိုင်စီ)**

ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ရှိ ဆာသူးလေကျောင်းတွင် ဆာသူးလေကျောင်းနှင့် (CDC) ကျောင်းတို့မှ ကျောင်းသူကျောင်းသားများ စုပေါင်းသည့် ကရင်ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာပွဲတခု ယနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့သည်။

ထိုအခမ်းအနားတွင် (CDC)ကျောင်းမှ ကျောင်းသူကျောင်းသားများ အပါအဝင် ဆရာ၊ ဆရာမများ၊ ဧည့်သည်တော်များ အားလုံး စုစုပေါင်း ၈၀၀ခန့် တက်ရောက်ခဲ့ကြပြီး နံနက်ပိုင်းလက်ချည်ပွဲအခမ်းအနားတွင် ကရင်အဆိုတော်ထူးဝါးနှင့် အခြားအဆိုဝါသနာရှင်များ တေးသီချင်းများနှင့် ကရင်ရိုးရာဒုံးယိမ်းအကများဖြင့်လည်း ဖျော်ဖြေတင်ဆက်ခဲ့ကြသည်ဟုသိရသည်။

ကရင်အမျိုးသားတရပ်လုံး အမြတ်တန်းထားသည့် ရိုးရာများကို မေ့ပျောက်မသွားဘဲ အမှတ်ရနေစေရန်နှင့် ကရင်လူမျိုးများ စုစည်းညီညွတ်မှု ရှိနေစေရန်အတွက် ရည်ရွယ်၍ ဤအစီအစဉ်ကို ပြုလုပ်ခြင်းဖြစ်ကြောင်း လက်ချည်ပွဲအခမ်းအနား တက်ရောက်လာသည့် "ခွဲကဘောင်" ကျောင်းတာဝန်ခံ မန်းဗလရှင်က ကေအိုင်စီကို ယခုလို ပြောသည်။

"ကိုယ့်ရဲ့ လူမျိုးယဉ်ကျေးမှုကိုတော့ မမေ့ပျောက်ဖို့ အရေးကြီးတယ်။ အဲဒါကြောင့်မို့လို့ ဝါခေါင်လက်ချည်ပွဲ ရောက်တိုင်း ရောက်တိုင်း ကိုယ့်ရဲ့ ကရင်လူမျိုးကို ကိုယ်ချစ်ရင် ချည်ဖြူကို လက်ပေါ် ချည်ထားရမယ်။ ချည်ဖြူ လက်ပေါ် မရှိဘူးဆိုရင် ဒီလူကတော့ လိပ်ပြာပျောက်သွားပြီး လမ်းမှားသွားပြီး။ ဒါဟာ ဘိုးဘွားတွေ လက်ထက်ထဲက ထားခဲ့တဲ့ အမွေအနှစ်ဖြစ်တယ်" ဟု ပြောသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲတွင် ဆာသူးလေကျောင်းမှ (၁၁)တန်း ကျောင်းသူတစဦးက "ကိုယ့်ရိုးရာ ယဉ်ကျေးမှုကို ထိုင်းနိုင်ငံမှ အခုလို ပျော်ပျော်ရွှင်ရွှင် ကျင်းပခွင့်ရတာ အရမ်းဝမ်းသာတယ်။ ပြီးတော့ တခြားဘာသာဝင်တွေလည်း တက်ရောက်တယ်လေ။ ကျမလို ကရင်လူငယ်တွေ ကိုယ့်လူမျိုးရဲ့ ယဉ်ကျေးမှုကို မမေ့ဘဲ သတိရနေကြဖို့ ပြောချင်တယ်" ဟု သူမ၏ ခံစားချက်ကို ပြောဆိုသည်။

ထိုင်းနိုင်ငံတွင် ရောက်ရှိလာသည့် မြန်မာပြည်သားများသည် မိသားစုစိတ်ဓာတ်ဖြင့် စုစည်းပြီး ကရင်ရိုးရာ လက်ချည်ပွဲကို ယခုလို စည်စည်ကားကား ကျင်းပနိုင်ခြင်းပေါ် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ဆာသူးလေကျောင်းမှ ဆရာမတစ်ဦးက ယခုလိုပြောသည်။

"ဒီလိုမျိုး သူများနိုင်ငံမှာ မိသားစု စိတ်ဓာတ်နဲ့ ကိုယ့်ရဲ့ရိုးရာကို မမေ့တာကို ဂုဏ်ယူတယ်ပေါ့နော်။ ဒီထိုင်းနိုင်ငံမှာ လာနေတဲ့ မိဘတွေရဲ့ ပုံပိုးမှု၊ ကူညီမှုတွေကို ကျေးဇူးတင်တယ်။ ကျောင်းသားလူငယ်တွေအနေနဲ့လည်း ကိုယ့်ရဲ့ရိုးရာကို စဉ်ဆက်မပြတ် မပျောက်အောင် ဆက်ထိန်းထားဖို့ လိုတယ်"ဟု ကေအိုင်စီကို ပြောသည်။

ယခုလို ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာကို မဲဆောက်မြို့ရှိ ဆာသူးလေ အထက်တန်းကျောင်းတွင် ပြုလုပ်လာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၄ကြိမ်မြောက်ရှိပြီး ဖြစ်သည်။

ယင်းသို့ လက်ချည်ပွဲပြုလုပ်ရာတွင် ထမင်းဆုပ်၊ ကောက်ညှင်း၊ ၄က်ပျောသီး၊ ပန်းနုနွယ်၊ ကြံ၊ ရေ၊ ချည်ဖြူ စသည့် ပစ္စည်းအမယ်များ ပါဝင်ပြီး မောင်နှံစုံလင်သည့် သက်ကြီးရွယ်အိုများက ချည်ဖြူဖွဲ့ ရစ်ပတ်ပေးကြသည်။ ကရင့်ရိုးရာ ဝါခေါင်လက်ချည်ပွဲသည် ရိုးရာယဉ်ကျေးမှု အမွေအနှစ်တခုဖြစ်ပြီး နှစ်စဉ် ဝါခေါင်လပြည့်နေ့ရောက်တိုင်း ကရင်အမျိုးသားများအားလုံး စုစည်းညီညွတ်စွာဖြင့် ကျင်းပပြုလုပ်ကြခြင်းဖြစ်သည်။ ❑

**ချည်ဖြူဖွဲ့ မင်္ဂလာပွဲတော် ဖျော်ဖြေနေသည့် ကျောင်းသူကျောင်းသားများ၏ ကရင်ရိုးရာဒုံးယိမ်းအက**

# ကရင်ပြည်သူများ မဲရွေးချယ်ရန် အကန့်အသတ်ရှိ

**ဩဂုတ်လ ၁၇ရက်။ (ကေအိုင်စီ)**

လာမည့် နိုဝင်ဘာလ ၇ရက်နေ့တွင် ပြုလုပ်မည့် ရွေးကောက်ပွဲတွင် ကရင်ပြည်နယ်အတွင်းရှိ မဲဆန္ဒရှင်များအနေဖြင့် ပါတီလေးခုမှ ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရမည်ဖြစ်သော်လည်း ယင်းပါတီများအနက် ၃ပါတီမှာ စစ်အစိုးရနှင့် နီးစပ်ကာ ယိမ်းယိုင်နိုင်ကြောင်း ဖားအံမြို့ရှိ မဲပေးပိုင်ခွင့်ရှိသူ စောကြီးက ဝေဖန်ပြောဆိုသည်။

ကရင်ပြည်နယ်တွင် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီများတွင် ပါဝင်သူများကို လေ့လာကြည့်လျှင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌသည် လက်ရှိ စစ်အစိုးရ၏ ဝန်ကြီးချုပ်ဖြစ်ပြီး ထိပ်ပိုင်းစစ်အရာရှိကြီးတစ်ဦးဖြစ်နေသည်။ ၎င်းအပြင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီကို ဦးဆောင်သူမှာလည်း စစ်မှုဟောင်းတစ်ဦးဖြစ်ပြီး မကြာခင်က ပါတီမှတ်ပုံတင်ခွင့်ရရှိခဲ့သည့် ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီကိုမူ စစ်အာဏာရှင်၏ လက်ရှိ ဗိုလ်ချုပ်အဆင့်ရှိသူ ပြန်ကြားရေးဝန်ကြီးက လာရောက်ဖွဲ့စည်းထားခဲ့ခြင်းဖြစ်သည်။

ကရင်ပြည်နယ်တွင် စစ်အစိုးရနှင့် ကင်းရှင်းမှုရှိသည်ဟု ယူဆနိုင်သည်မှာ ဖလုံ–စဝေါ်ဒီမိုကရက်တစ်ပါတီ တခုသာရှိပြီး လူထုအတွင်းမှ ဖွဲ့စည်းလာသည့်ပါတီဖြစ်သည့်အတွက် မိမိအနေဖြင့် လက်ခံနိုင်ကြောင်း စောကြီးက ရှင်းပြပြောဆိုခဲ့သည်။

သူက "အခြားပါတီတွေကတော့ စစ်အစိုးရရဲ့ လက်ညှိုးထောင်၊ ခေါင်းညိတ်သမားတွေချည်းပဲ။ ခေါင်းခါငြင်းဆန်မဲ့သူတွေ မဟုတ်ဘူး။ စစ်အစိုးရပြောသမျှ လိုက်လုပ်မဲ့သူတွေ။ ဒီလူတွေက တိုင်းပြည်နဲ့ လူထုအကျိုးကို တကယ်ကြည့်မှာ မဟုတ်ဘူး။ ကျနော် စိုးရိမ်တာက တကယ်လို့ ဖလုံ–စဝေါ်ပါတီများ မဲအနိုင်ရသွားရင် သူတို့ နိုင်ငံရေးလုပ်ကြံမှုတွေ ဖြစ်မှာတောင် စိတ်ပူမိတယ်" ဟု ဆိုသည်။

ဖလုံ–စဝေါ်ဒီမိုကရက်တစ်ပါတီ၏ ယာယီဥက္ကဋ္ဌဖြစ်သူ စောခင်မောင်မြင့်က မိမိတို့ပါတီသည် လက်ရှိ လေးပါတီအနက် တစ်ခုတည်းသာ ပြည်သူလူထုနှင့် ရင်းနှီးကျွမ်းဝင်မှုရှိကြောင်း ယခုလို ပြောဆိုသွားသည်။

"ကျနော်တို့ ပါတီက မဖွဲ့ခင်ကတည်းက လူထုအတွင်း သွားရောက်ပြီး သူတို့ရဲ့ သဘောထားကို မေးကြည့်ပြီးမှ သူတို့ရဲ့ တုန့်ပြန်လိုလားမှုအရ ကျနော်တို့ ဖွဲ့လိုက်တာပါ။ နောက်ပြီး မဲဆန္ဒနယ်တွေက ပြည်သူတွေကိုယ်တိုင် ရွေးချယ်လာတဲ့ ကိုယ်စားလှယ်လောင်းကို ကျနော်တို့က အသိအမှတ်ပြုသွားမှာပါ။ ပါတီခေါင်းဆောင်တွေက ရွေးချယ်မှာ မဟုတ်ပါဘူး" ဟု ပြောသည်။

ထို့အပြင် စစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်တပ်က ၂၅ ရာခိုင်နှုန်းသာ နေရာယူထားပြီး အခြားကဏ္ဍများတွင်လည်း ၎င်းတို့ လောင်းရိပ်မိသည့် ပါတီငယ်များနှင့်ပါဆိုလျှင် ထိုထက်မက မဲပိုများ နေကြောင်း ပြောဆိုသွားခဲ့သည်။

၎င်းက "သူတို့က နည်းနည်းမှ ဟာကွက်မရှိဘူး။ ဒီလေးပါတီထဲက သုံးပါတီက စစ်အစိုးရနဲ့ ဆက်စပ်မှုရှိတဲ့အတွက် စစ်အစိုးရ ဖက်ကို ပါသွားမှာပဲ။ ပြည်နယ်ရွေးကောက်ပွဲကောင်မရှင် ဥက္ကဋ္ဌ စောအောင်ပွင့်ကလည်း (တစည)ပါတီက လူတွေနဲ့ အများကြီး နီးစပ်မှုတွေရှိနေတယ်"ဟု ပြောသည်။

ကရင်ပြည်နယ်တွင် မဲဆန္ဒနယ်မြေ ၇ခုရှိပြီး ထိုနယ်မြေများတွင် ဤပါတီလေးပါတီက လာမည့် နိုဝင်ဘာလ ၇ရက် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

❑

# ဓာတ်ပုံများ

## ကေအဲန်ယူ တပ်မဟာ(၅)နယ်မြေမှ နှစ် (၆၀)ပြည့် ကရင့်အမျိုးသား အာဇာနည်နေ့ အခမ်းအနား

## ကရင်ရိုးရာ ချည်ဖြူဖွဲ့ မင်္ဂလာပွဲတော် ဓာတ်ပုံများ

ဩစတြေးလျားနိုင်ငံမှ လက်ချည်ပွဲ ဖျော်ဖြေရေး အစီအစဉ်

ထိုင်းနိုင်ငံ၊ ရပ်ချ်ဘူရီခရိုင်မှ လက်ချည်ပွဲ ပြကွက်တစ်ခု

မယ်လစခန်းမှ လက်ချည်မင်္ဂလာပွဲ ဆင်နွှဲနေစဉ်

**စစ်မှန်သည့် ဒီမိုကရေစီစနစ်အရ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေး ပြည်သူ့အားလုံးတွင် တာဝန်ရှိသည်၊**